ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 December 2024 ၁၁၆၇၅

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**၁၇ - ၁၂ -၂၀၂၄ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၃၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ယနေ့ ဖတ်စရာ

**ပုံနှိပ်ထုတ်ဝေပြီးစီးသော အဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ**
စာမျက်နှာ » ၃

**အနာဂတ်သို့ ခြေလှမ်းများ**
ဆောင်းပါး စာမျက်နှာ » ၁၀

**မြန်မာစာ မြန်မာစကားထဲက မတူတာလေးများ**
စာမျက်နှာ » ၁၇

**ဒေါ်လာ တစ်သန်းနဲ့လဲမလား**
စာမျက်နှာ » ၁၉

## ပေါက်ခေါင်းမြို့နယ်၌ ဝါသီးနှံနှင့်နေကြာများ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

ပေါက်ခေါင်း ဒီဇင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးထားသော မိုးနှောင်းဝါသီးနှံနှင့် ဆီထွက်သီးနှံနေကြာများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပေါက်ခေါင်းမြို့နယ်၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော နေကြာစိုက်ခင်းများကို တွေ့ရစဉ်။



## ပေါင်းတည်မြို့နယ်၌ မတ်ပဲနှင့် ဆောင်းသီးနှံ ပဲမျိုးစုံ ကေပေါင်း ၆၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပေါင်းတည် ဒီဇင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လယ်အထိ မတ်ပဲနှင့် ပဲမျိုးစုံ စုစုပေါင်း ၆၁၇၆၁ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှင့် မြေစာရင်းဦးစီးဌာနတို့မှ သိရသည်။

ယခုနှစ်တွင် မြို့နယ်အတွင်း သီးထပ်စွမ်းအားနှင့် စိုက်စွမ်းအားတိုးမြှင့်လျက် တောင်သူများ၏ အကျိုးစီးပွားနှင့်အတူ နိုင်ငံ့စီးပွားကို ထပ်တူမြှင့်တင်နိုင်ရေးတို့အတွက် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ကြရန် မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးအဖွဲ့က လမ်းညွှန်မှာကြားခဲ့သည်။ ထို့ပြင် တောင်သူများ ပဲအထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယနေ့အထိ မြို့နယ်အတွင်း တောင်သူများ၏ ဆောင်းသီးနှံစိုက်ပျိုးမှုများမှ ပဲမျိုးစုံစိုက်ပျိုးမှုတွင် ပဲတီစိမ်း ၉၇၃၁ ဧက၊ မတ်ပဲ ၄၂၀၇၈ ဧက၊ ကုလားပဲ ၃၇၆၅ ဧက၊ ဗိုလ်ကိတ်ပဲ ၁၅၄၇ ဧက၊ ပဲနောက် ၁၇၅၄ ဧကနှင့် ပဲကြီး ၂၈၈၆ ဧကတို့ကို စိုက်ပျိုးပြီးစီးလျက်ရှိကြောင်း သိရသည်။

ရွှေသား(မြန်/ဆက်)

ကြေးမုံ

# ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

လူသားအားလုံးအတွက် စား၊ ဝတ်၊ နေရေး အရေးသုံးပါးသည် နေ့စဉ်မလွဲမသွေ လိုအပ်လျက်ရှိသည့် အရေးကြီးသောအရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအရေးကြီးသော လိုအပ်ချက်များကို အဆင်ပြေစွာ ဖြေရှင်းပေးနိုင်ရေးအတွက် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်စဉ်အချိန်မှစ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ခိုင်မာသည့် ထုတ်ကုန်လုပ်ငန်းများအဖြစ် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

စား၊ ဝတ်၊ နေရေးဟူသော အရေးသုံးပါးတွင် ဝတ်ရေးဖြစ်သည့် အဝတ်အထည်များသည် လူသားများမွေးဖွားချိန်မှစ၍ ဘဝတစ်လျှောက်လုံး မဖြစ်မနေအသုံးပြုရသောပစ္စည်းဖြစ်သည်။ အဝတ်အထည်၊ အသုံးအဆောင်ဖူလုံရေးမှာ လူ့ဘဝတွင် အရေးကြီးလှသည်။ ထို့ကြောင့် ပြည်တွင်းဖြစ် အဝတ်အထည်ဖူလုံရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဝါမှ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေရသည်။ ဝါစိုက်ပျိုးရေးကို ခေတ်အဆက်ဆက် ဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှစ၍ ဝါစိုက်ပျိုးမှု အထွက်နှုန်း လျော့ကျလာခဲ့သည်ကို တွေ့ရသည်။

နိုင်ငံအတွင်း ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေး အောင်မြင်စေရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှနှစ်စဉ် ချည်နှင့် ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရသည်။ ထို့ကြောင့် ဝါစိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ ချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေလုံလောက်မှု ရှိမည်ဖြစ်သည်။

ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြုလုပ်သည့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသော စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကို ထိရောက်စွာအသုံးချပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှသာ စိုက်ပျိုးရေးကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာမည်။ မြန်မာနိုင်ငံတွင် စက်မှုကုန်ကြမ်း သီးနှံအမျိုးမျိုးထွက်ရှိသည့်အနက် ဝါစိုက်ပျိုးရေးကဏ္ဍတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးသူတောင်သူများအနေဖြင့် နိုင်ငံတော်၏ ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှု တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သည့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)မှ တပ်မတော်အတွက် လိုအပ်သည့်အထည်များသာမက နိုင်ငံ၏ အထည်လိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။

၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) အနေဖြင့် ပြည်တွင်း၌ လိုအပ်နေဆဲဖြစ်သည့် အရည်အသွေးကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ ယခင်က အဆိုပါစက်ရုံကို အဆင့်မြှင့်တင်ခြင်း၊ စက်အသစ်များ ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်ထည်များ ထုတ်လုပ်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရ သည်။ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းမှထွက်ရှိသည့် ဝါများနှင့် ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့ရာ ယခုအခါ ချည်ချောများကို စတင်လည်ပတ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ယခုတည်ဆောက်တပ်ဆင်ပြီးစီးခဲ့သည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ရာ ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့်အထည်အလိပ်များ ရက်လုပ်နိုင်မည်ဖြစ်ပြီး ပိုလျှံသည်များကို ပြင်ပဈေးကွက်သို့ ဖြန့်ချီပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များ ထုတ်လုပ်ပေးနိုင်မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းသစ်စေမည့် ယခုစက်ရုံမှအစပြု၍ တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များအားလုံး ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ပို့စကတ်ထုတ်ဝေ













ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇) နှစ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ပို့စကတ်(၄)မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ် ၄ မျိုးအား **"မာရဝိဇယ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲ၊ ကျောက်ဆည်မြို့ ရိုးရာ ဆင်အကပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ မလှိုင်မြို့ရှိ ထီးလုပ်ငန်း"** ခေါင်းစဉ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၅၅၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ချောင်းသာမြို့၌ အုန်းလက်ခမောက်ပြုလုပ်နည်း သင်တန်းဖွင့်လှစ်

**ချောင်းသာ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချောင်းသာမြို့ရုံးနှင့် အဖွဲ့ဝင်များပူးပေါင်းပြီး အုန်းလက်ခမောက်ပြုလုပ်နည်းသင်တန်းကို ယနေ့နံနက် ၈ နာရီက လူထုအခြေပြုဇာတ်ပုံဌာနခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်ကျော်က သင်တန်းသို့ တက်ရောက်လာသည့် သင်တန်းသားသင်တန်းသူများအား တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိသားစုစားဝတ်နေရေးနှင့် အပိုဝင်ငွေရရှိစေရန်အတွက် ရည်ရွယ်ပြီး မိမိတို့ဌာနအနေဖြင့် ရက်တိုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့ပြင် သင်တန်းနည်းပြဆရာ ဦးကိုကိုနိုင် (အုန်းလက်ခမောက်လုပ်ငန်း) က အုန်းပင်တစ်ပင်လုံးတွင် ပါဝင်သည့် အစိတ်အပိုင်းများကို အခြေခံပြီး အုန်းလက်မှုပစ္စည်းများအဖြစ် အဆင့်ဆင့်ပြောင်းလဲ ထုတ်လုပ်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် အခြေခံလက်မှုပညာကို အခြေခံပြီး အုန်းလက်များကို အသုံးပြု၍ အုန်းလက်ခမောက်ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သင်ကြားပေးသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာများမှ တစ်ပိုင်တစ်နိုင် အုန်းလက်ခမောက်ပြုလုပ်နည်းကို စိတ်ဝင်စားသူများ Womem Club နှင့် Youth Club အဖွဲ့ဝင်များ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၆၁ | ၅၀၀,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၄,၁၄၇ | ၁၂,၉၁၃,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၀ | ၈၂,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၅၀ | ၉၇,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၆၆၀ | ၁,၁၀၄,၃၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၀ | ၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၅၁၃ | ၁,၆၄၁,၆၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၁,၀၀၀ | ၃,၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပုံနှိပ်ထုတ်ဝေပြီးစီးသော အဋ္ဌကထာကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသအား ဖူးမြော်၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မစိုးရိမ်တိုက်သစ် ဓမ္မစေတီယကျောင်း၌ ကျင်းပသည့် ကွန်ပျူတာစာမူဖြင့် ပုံနှိပ်ထုတ်ဝေပြီးစီးသည့် အဋ္ဌကထာကျမ်းစာအုပ် ၁၅ အုပ်တို့ကို ပရိယတ္တိစာသင်တိုက်ကြီး ငါးတိုက်တို့မှ ဆရာတော်များအား ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဋ္ဌကထာ ကျမ်းစာအုပ်များ ကွန်ပျူတာစာစီမှုဖြင့် ပုံနှိပ်ထုတ်ဝေရေး စီစဉ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယခုကဲ့သို့ ဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံ အဋ္ဌကထာ၊ ဋီကာတို့အား ခဲစာလုံးမှုမှ ကွန်ပျူတာစာမူသို့ ပြောင်းလဲပုံနှိပ်ခြင်းသည် သာသနာတော်ကြီးနှင့် သံဃာတော် ရဟန်းရှင်လူများအတွက် များစွာကောင်းမွန်၍ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ ပြီးဆုံးအောင်မြင်အောင်လည်း ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က အကျိုးတော်ဆောင် ဆရာတော်ကြီးအမှူးပြုသော ဆရာတော် အရှင်သူမြတ်များထံ ဓမ္မစေတီကျမ်းစာအုပ်များနှင့် သင်္ကန်းစသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်း ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံသို့ အဋ္ဌကထာ ကျမ်းစာအုပ် ၁၅ အုပ်နှင့် ပရိက္ခရာတို့ကို လှူဒါန်းကာ နံ့သာမြိုင်ဗိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသထံ သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမကဏ္ဍမှ တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများကို အခြေခံသမဝါယမအသင်း ရှစ်သင်းမှ အသင်းသား ၃၃၄ ဦး၏ စိုက်ဧက ၁၀၀၀ အတွက် ငွေကျပ်သိန်း ၂၀၀၀ ကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ လေးကြီးကျေးရွာအုပ်စု နေခြည်သစ်စိုက်ပျိုးရေးနှင့် အထွေထွေအသင်းမှ အသင်းသားတောင်သူ ဦးဝေယံအောင်၏ ဝါစိုက်ခင်းမှ ပထမအကြိမ်ဝါစတင်ကောက်သိမ်းနေပြီဖြစ်ရာ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းကူညီကောက်သိမ်းခဲ့ရာ တစ်ကေလျှင် ဝါပိဿာ ၂၃၀ ရရှိခဲ့ကြောင်းနှင့် နောက်ထပ်လေးကြိမ်ခန့် ထပ်မံကောက်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများသည် ဆောင်းဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးရေးစီမံကိန်းကို အသင်းသုံးသင်းမှ အသင်းသားတောင်သူ ၃၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိသော ဘန့်ပြင်ကျေးရွာ တက်သစ်စစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှအသင်းသားတောင်သူ ဦးနေလင်းထွန်း၏ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းကော်မတီအဖွဲ့ဝင်များအတွက် စွမ်းရည်မြှင့်သင်တန်းနှင့် ဟိုတယ်နှင့်အစားအသောက်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၇

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး သင်တန်းကျောင်း၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက သင်တန်းတွင် WCC အဖွဲ့ဝင်များ အရည်အချင်းပြည့်ဝစေရန် ဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် တာဝန်ခံအရာရှိများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး ခုံသမာဓိကောင်စီဝင်များနှင့် ခုံသမာဓိအဖွဲ့ဝင်များက အငြင်းပွားမှုဖြေရှင်းရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း၊ WCC တွင် ဆွေးနွေးညှိနှိုင်းမှု အားကောင်းသည်နှင့် အမျှ အလုပ်ရှင်၊ အလုပ်သမားများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေပြီး လုပ်ငန်းခွင်မပျက် ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ ကောင်းမွန်သော လုပ်ငန်းခွင် ဆက်ဆံရေး တည်ထောင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကမာရွတ်မြို့နယ်ရှိ M Hospitality & Tourism Institute သို့ သွားရောက်၍ ဟိုတယ်နှင့် အစားအသောက် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးပြီး M Hospitality & Tourism Institute သင်တန်းကျောင်းအနေဖြင့် ဟိုတယ်စားပွဲထိုးဝန်ဆောင်မှုသင်တန်းနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းအမျိုးအစားများအပြင် အလုပ်အကိုင် အခွင့်အလမ်းများသော အခြား ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း အမျိုးအစားများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် သင်တန်းဆင်းများကို အရည်အသွေး အာမခံချက်ရှိစေရေးအတွက် NSSA အသိအမှတ်ပြုကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ် ခံယူနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား အမျိုးသမီး အသက် ၃၅ နှစ်အောက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တင်းနစ် အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော် သိန်း၊ ပြည် ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပြိုင်ပွဲ ဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြ သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသ ကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင် ပြည်နယ်၊ ပူးတွဲတတိယဆုရရှိ သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး အသက် ၂၅ နှစ်အောက် ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည် တော်ရှိ ရွှေကြာပင်အားကစား ကွင်း၌ ကျင်းပရာ ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာ ဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး၊ ပြိုင်ပွဲဝင်အသင်းများ မှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစား သမားများနှင့် ဘောလုံးဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ ခုံသမာဓိဆပ်ကော်မတီမှ ဦးထွန်း လှအောင်နှင့် ဦးဘန်နီတင်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်မင်းထက်တို့က နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများအား တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဖဲ့က တတိယဆု ရရှိသည့် ရောဝတီတိုင်းဒေသကြီး အသင်းမှ အားကစားသမားများ အားလည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက ဒုတိယဆု ရရှိသည့် ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများအား လည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ သီတာဦးက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများအား လည်း ကောင်း တစ်ဦးချင်း ဂုဏ်ပြု ဆုတံဆိပ်နှင့်အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်များ ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်း ဒေသကြီးအဆင့် အမျိုးသား အမျိုးသမီး အသက် ၃၀ နှစ်အောက် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ် များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အလေးမအားကစားရုံ၌ ကျင်းပ ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း များမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း က အမျိုးသမီး ၅၉ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိ သည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် တတိယဆု ရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊

စာမျက်နှာ ၅ သို့ ❂



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသားအသင်းလိုက် တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အမျိုးသား ၈၉ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား ၈၁ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ တွင် လာရောက်ကြည့်ရှုအားပေးကြသူများကို တွေ့ရစဉ်။

✪ စာမျက်နှာ ၄ မှ

အမျိုးသမီး ၆၄ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမျိုးသား ၇၃ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား ၈၁ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အမျိုးသား ၈၉ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား ၉၆ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး ၆၄ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် တင်းနစ်ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

အလားတူ ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့် အမျိုးသား/ အမျိုးသမီး အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစား ကွင်း လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြ သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ တွင် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေး တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲ ဝင်များအားလည်းကောင်း၊ မွန် ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ဒုတိယဆုရရှိ သည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအားလည်း ကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင် များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြ သည်။

ယင်းနောက် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ က အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိ သည့် မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင် များအားလည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဒုတိယဆုရရှိ သည့် မန္တလေးတိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအားလည်း ကောင်း၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များ အားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များကို ပေးအပ်ချီးမြှင့်ကြ သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အမျိုးသား ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ၊ ဝူရှူးပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲ၊ ရိုးရာခြင်းလုံး ပြိုင်ပွဲနှင့် ဘိလိယက်/ စနူကာ ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၈ ရက်တွင် သက်ဆိုင်ရာ အားကစားရုံ များနှင့် အားကစားကွင်းများ၌ ဆက်လက် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ပြည်နယ်နှင့် တိုင်း ဒေသကြီးအဆင့် အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ် အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲများတွင် လာရောက်ကြည့်ရှုအားပေးကြသူများအား တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ အမျိုးသားပိုက်ကျော်ခြင်းလေးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ တတိယလုပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့် အနိုင်ရရှိကာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပထမ၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းကို နှစ်ဂိုး - တစ်ဂိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး - သုံးဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 ကရာတေးရုံ၌ ကျင်းပရာ အမျိုးသား ၆၀ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ အောင်ဇာနည်မင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇင်မင်းမြတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းဇော်ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ အောင်ချမ်းသာတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသား ၆၇ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ကျော်ဇင်ဝင်းထွဋ်က ပထမ၊ ကယားပြည်နယ်မှ သိန်းထိုက်ဇော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်မှ လင်းထက်ထွန်းနှင့် ရခိုင်ပြည်နယ်မှ မြတ်သန်းထိုက်တို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ အမျိုးသား ၇၅ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ သက်ပိုင်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇေယျာထူးထူးကဒုတိယ၊ ရှမ်းပြည်နယ်မှ သီဟလင်းဟိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်းလွင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၅၀ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ လင်းစန္ဒာငွေးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ အိမ့်ချြူးမောင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြူဖြူဝင်းနှင့် မန္တလေးတိုင်းဒေသကြီးမှ ဟန်သီရိအောင်တို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ အမျိုးသမီး ၅၅ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင် ကယားပြည်နယ်မှ သင်းသင်းယုအောင်က ပထမ၊ ရခိုင်ပြည်နယ်မှ စိုးစိုးစံက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဘောဘီနှင့် ပဲခူးတိုင်းဒေသကြီးမှ လင်းလင်းထက်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C ) ရုံ၌ ကျင်းပရာ အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးကို သုံးပွဲ- တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးမှလင်းအောင်က ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ကျော်ငွေးကို သုံးပွဲ - တစ်ပွဲ ၊ စနူကာ 15 – Red တစ်ဦးချင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မျိုးသူရအောင်က မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျာန်ထက်က ကရင်ပြည်နယ်မှ သက်မျိုးကြည်လှိုင်ကို သုံးပွဲ - နှစ်ပွဲဖြင့် လည်းကောင်း၊ ဘိလိယက်နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးက ရန်ကုန်တိုင်းဒေသကြီးကို သုံးပွဲ- တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ် အသင်းကို သုံးပွဲပြတ်၊ စနူကာ 15 – Red နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက

**စာမျက်နှာ ၇ သို့ ✪**



ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား အလေးမပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြိုးလွင်ဦး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❂ စာမျက်နှာ ၆ မှ

ကချင်ပြည်နယ် အသင်းကို သုံးပွဲ – နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃)နှင့် ရွှေကြာပင်အားကစားကွင်းတို့၌ လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးအသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်ကွင်း၌ လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အမျိုးသား ၉၆ ကီလိုတန်း ဗိုလ်လုပွဲစဉ်နှင့် အမျိုးသမီး ၆၄ ကီလိုတန်း ဗိုလ်လုပွဲစဉ်တို့ကို အလေးမရုံ၌ လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ အမျိုးသား ကုမိတဲ့ပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ ထောက်လုပြိုင်ပွဲ အမျိုးသား/အမျိုးသမီး သောင်းစု ပွဲစဉ်၊ အမျိုးသား/ အမျိုးသမီး ကျန့်စုပွဲစဉ်၊ အမျိုးသား/ အမျိုးသမီး နန်းသောင်းပွဲစဉ်၊ ဆန်းဆိုပြိုင်ပွဲ အမျိုးသား ၄၈၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀ ကီလိုတန်းပွဲစဉ်များ၊ အမျိုးသမီး ၄၅၊ ၄၈၊ ၅၂၊ ၅၆၊ ၆၀ ကီလိုတန်းပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ထောက်လုပြိုင်ပွဲ အမျိုးသား ထိုက်ချီကျန့်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှ မင်းသုတက ပထမ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က တတိယဆုကို လည်းကောင်း၊ အမျိုးသမီး ထိုက်ချီကျန့်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်က ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန် တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

သတင်းစဉ်



ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်ကစားကြစဉ်။

## ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်
## ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက် ၁၇-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၃ | ၃၃ | ၃၀ | ၁၂၆ | |
| ၂ | ရှမ်း | ၂၅ | ၂၇ | ၃၄ | ၈၆ | |
| ၃ | စစ်ကိုင်း | ၂၀ | ၁၇ | ၁၉ | ၅၆ | |
| ၄ | မန္တလေး | ၁၈ | ၂၁ | ၃၀ | ၆၉ | |
| ၅ | ကချင် | ၁၄ | ၁၀ | ၁၈ | ၄၂ | |
| ၆ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၇ | မကွေး | ၁၂ | ၁၁ | ၁၅ | ၃၈ | |
| ၈ | ဧရာဝတီ | ၁၁ | ၂၄ | ၂၇ | ၆၂ | |
| ၉ | ပဲခူး | ၆ | ၂၀ | ၂၃ | ၄၉ | |
| ၁၀ | ကရင် | ၆ | ၇ | ၂၆ | ၃၉ | |
| ၁၁ | မွန် | ၅ | ၉ | ၉ | ၂၃ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၈ | ၁၆ | |
| ၁၃ | ရခိုင် | ၃ | ၁၁ | ၁၃ | ၂၇ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | ၁ | ၄ | ၅ | ၁၀ | |
| | စုစုပေါင်း | ၂၀၄ | ၂၀၄ | ၂၇၄ | ၆၈၂ | |

## ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်
## ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ ၁၇-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | ၁၀ | ၉ | ၃၂ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၁ | ၇ | ၇ | ၂၅ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၉ | ၈ | ၁၀ | ၂၇ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၁ | ၈ | ၂၆ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | | ၂ | |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၂ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၄ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၆ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၄၆ | ၄၆ | ၄၆ | ၁၃၈ | |

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ဓာတ်ပုံ- လင်းရာမ၊ အလင်းသစ်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဝူရှူး-ဆန်းဆို ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဝူရှူး-ထောက်လုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဝူရှူး-ထောက်လုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားကြစဉ်။






ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး အလေးမပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းသုံးယောက်တွဲပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားကြစဉ်။





ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

# အနာဂတ်သို့ ခြေလှမ်းများ

**လက်ျာ**

ဇလဗေဒဆိုသည်မှာ မိုးလေဝသနှင့် ရာသီဥတုတို့ကို ကြိုတင်ခန့်မှန်းနိုင်ရန် လေ့လာခြင်း၊ တွက်ချက်ခြင်းတို့ပြုလုပ်ရသော ဘာသာရပ်ဖြစ်သည်။ သူကိုယ်တိုင်လည်း ဇလဗေဒ၏အဓိပ္ပာယ်ကို အလုပ်မဝင်ခင်အထိ ဘာမှန်းမသိခဲ့။ ကျောင်းတွင်လည်း မသင်ခဲ့ရ၊ ပြင်ပ၌လည်း မကြားစဖူး၊ လုပ်ငန်းခွင်ကျမှ သေသေချာချာ သိနားလည်လာရခြင်းဖြစ်၏။

သူက မိုးလေဝသဌာနတစ်ခုမှာ အလုပ်လုပ်သည်။ ဘာမျှနားမလည်ဘဲ အစိမ်းသက်သက်ဝင်ရောက်လုပ်ကိုင်ခဲ့သည်တော့မဟုတ်။ အလုပ်မရခင် သင်တန်းအရင်တက်ခဲ့ရသေးသည်။ မိုးလေဝသနှင့်ဆိုင်သော အချက်အလက်များကို စစ်တမ်းကောက်ယူခြင်း၊ လေ့လာသုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို အကျွမ်းဝင်လာတော့မှ လုပ်ငန်းခွင် ဝင်ရလေသည်။

သူသည် လူပျိုလူလွတ်ဖြစ်၍ မိဘနှင့်အတူနေသူမို့ ဘတ်စ်ကားနှင့် ရုံးတက်ရ၏။ သူနေသောမြို့သစ်မှ ဇလဗေဒဌာနသို့ ကားအကြာကြီးစီးရသည်။ ထိုအခါ လူပေါင်းစုံနှင့် ထိတွေ့ရသလို သဘာဝဝန်းကျင်မျိုးစုံကိုလည်း မြင်တွေ့ရလေသည်။

သူသည် သဘာဝကို ချစ်သူဖြစ်၏။ သဘာဝကျသော သဘာဝ၏အလှများကို တစိမ့်စိမ့်ကြည့်ရှုခံစားနေတတ်ခြင်းကိုက သူ၏သဘာဝဖြစ်သည်။ လမ်းဘေးဝဲ၊ ယာရှိ ကောက်ပင်စိမ်းစိမ်းများ၊ အရေခွံခွာချလိုက်သော ယူကလစ်ပင်များမှစ၍ စိုစွတ်နေသောလမ်းပေါ်၌ တင်ကျန်ရစ်သည့် ရေအိုင်လေးများ၊ နှင်းများတွဲခိုနေသည့် မြက်တောများအထိ သူသဘောကျ၏။

ထို့ကြောင့်လည်း သဘာဝကို လေ့လာရသော ဇလဗေဒ၌ သူအာရုံဝင်စားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သူ့ထံသို့ နေ့စဉ်သဘာဝ၏ အချက်အလက်များစွာ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာသည်။ ဌာနခွဲများမှ ပေးပို့လိုက်သော မြစ်ရေမှတ်တိုင်းတာခြင်း၊ ရေစီးထုထည်၊ သဲနုန်းထုထည် စီးဆင်းမှုတိုင်းတာချက်၊ မြစ်ရေအရည်အသွေးစသည်တို့ကို သူတို့က မှတ်တမ်းတင် တွက်ချက်ကြရသည်။

မိုးရေချိန်၊ လေတိုက်နှုန်း၊ ဘဂ်လားပင်လယ်အော်အခြေအနေစသည်တို့ကိုလည်း စောင့်ကြည့်လေ့လာ၍ ခန့်မှန်းချက်ထုတ်ပြန်ကြရ၏။ သို့သော် သူ့ထံရောက်ရှိလာသော သတင်းအချက်အလက်များမှာ ဌာနခွဲများမှပေးပို့ချက်ချည်းတော့ မဟုတ်ချေ။ နေ့စဉ် မြင်တွေ့နေရသော ပတ်ဝန်းကျင်ကလည်း မိုးလေဝသကို ခန့်မှန်းပေးတတ်၏။

စာကလေးများ အမိုးကြားသို့ တိုးဝင်အသိုက်ဆောက်နေကြပြီဆိုလျှင် မိုးကြီးရွာတော့မည်ဟု ရွာတွင်နေခဲ့စဉ်က မှတ်သားရဖူးသည်။ ယခု မြို့တွင်တော့ ပုရွက်ဆိတ်များ တွင်းမှထွက်၍ အိမ်နံရံများတစ်လျှောက် ဥများသယ်ကာ သွားလာနေကြပါက မိုးများမည်၊ ရေကြီးမည်ဟု သိနေကြပြီ။

ဘတ်စ်ကားစီးရင်း တွေ့ရသူတို့ကလည်း သူတို့ဘာသာ မိုးလေခန့်မှန်းနိုင်ကြပါပေသည်။ သူတို့စကားများကို နားဆင်ကြည့်ပါဦး။

"စနေထောင့်မှာ မည်းနေတာပဲ၊ ညနေတော့ မိုးမိပါပြီ"

"မိုးသားတွေ ပွနေတာများ ဖွေးဖွေးလှုပ်လို့။ မိုးဖြူမစဲ မိုးမည်းမရွာဆိုတဲ့အတိုင်း ဒီနေ့တစ်နေ့လုံး ချတော့မှာ"

"သားချေ.. ကြားလား၊ ရေဆုတ်သွားပြီဆို။ နင့်အဖေကို လှေမဆင်းခိုင်းနဲ့ဦးနော်။ အေး….အေး…ကုန်းပေါ်တက်နေကြ… ကြားလား"

ဤသို့သော ဘာသာဘာဝ ခန့်မှန်းချက်များကို နေ့စဉ်လိုလို ကြားနေရတတ်၍ သူပြုံးမိသည်။ တိရစ္ဆာန်များလောက် အားမကောင်းသော်ငြား လူတို့တွင်လည်း မိုးလေဝသကို ကြိုတင်အာရုံခံနိုင်သော အသိရှိကြပေ၏။ တစ်ခါတစ်ရံ ခရီးသည်များသည် သူတို့ဌာနမှ ထုတ်ပြန်ချက်များအပေါ် ဆွေးနွေးပြောဆို အသိပေးကြသည်လည်းရှိ၏။

"ဟဲ့.. နင် ကြားပြီးပြီလား။ ၂၁ ရက်ကနေ ၂၅ ရက်အထိ မုန်တိုင်းရှိတယ်တဲ့"

"အင်း.. ကြားတယ်၊ တို့ဆီက အဖျားခတ်ရုံပါ။ ရခိုင်နဲ့ ဧရာဝတီဘက် ဝင်မယ်ပြောတာပဲ"

"အတွင်းထဲထိ မဝင်လောက်ပါဘူး။ အနောက်မြောက်ဘက်ကို ရွေ့လျားနေတာဆိုတော့။ မိုးတော့များဦးမှာပဲနော်"

"တို့ရွာတွေ မိုးမျှော်နေတာ တစ်ပေါက်တောင်မကျသေးဘူး။ မုန်တိုင်းရှိမှပဲ သီးနှံတွေ မပစ်ရမှာ"

ဟုတ်ပေ၏။ မြန်မာနိုင်ငံမှ တောင်သူအများစုသည် မိုးနှင့် အလုပ်လုပ်ကြရသည်။ မိုးရာသီကို ချိန်၍ သီးနှံစိုက်ပျိုးကြ၏။ ရွာသင့်ချိန် မရွာလျှင် သောကရောက်ကြရသလို အလွန်အကျွံ မိုးကြီးလျှင်လည်း စိုက်ခင်းများ ရေမြုပ်သွားတတ်ပြန်၏။ သူတို့အဖို့ မိုးလေဝသသတင်းသည် အခြားသော ပြည်သူများထက် အပြောများသော၊ စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာမျိုး ဖြစ်လေသည်။

သူတို့သာလော၊ မဟုတ်ပါ။ ရေလုပ်ငန်းနှင့် အသက်မွေးကြသည့် တံငါ၊ ငါးဖမ်းလှေ၊ လှေသမား၊ သင်္ဘောသားတို့သည်လည်း မိုးလေဝသသတင်းကို မပြတ် နားစိုက်နေကြရသည်သာ။ သူတို့အတွက် ပို၍ပင် အရေးကြီးသေးသည်။ မြစ်ရေကြီးမည်၊ ရေနည်းမည်၊ ပင်လယ်ပြင်၌ လှိုင်းထန်မည် သို့မဟုတ် မုန်တိုင်းရှိသည်ဟူသော သတင်းများသည် အသက်နှင့်အမျှ အဖိုးတန်သည် မဟုတ်ပါလား။

ထို့ကြောင့် မိုးလေဝသနှင့် ဇလဗေဒဝန်ထမ်းများအဖို့ အချိန်မှန် သတင်းမှန်ထုတ်ပြန်နိုင်ရန် လိုအပ်သလို ထူးခြားသတင်းများကိုလည်း တိကျသည်ထက်တိကျအောင် ခန့်မှန်းနိုင်ရန် အရေးကြီး၏။ သဘာဝဘေးနှင့် ဆိုင်သောအခါ သူတို့ပို၍ ဝါယမစိုက်ကြရသည်။ လူ့အသက်ပေါင်းများစွာကို ကယ်တင်နေသည့် သူရဲကောင်းကြီးများအလား ကြိုးစားကြရလေသည်။

သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိကြောင်းကြားရလျှင်စိတ်မကောင်းဖြစ်မိသော်လည်း သဘာဝကို သူအပြစ်မမြင်ပါ။ သဘာဝဘေးမှာ လူတို့၏ ပေါ့ဆမှုနှင့် မထိမဲ့မြင်မှုများ ပါနေသောကြောင့် ဖြစ်သည်။ သို့ရာတွင် လူတွေကိုလည်း အပြစ်မတင်လို၊ တစ်ဝမ်းတစ်ခါးစာမက ရုန်းကန်နေကြရသူများအဖို့ သဘာဝကို အထူးတလည် ထိန်းသိမ်းပြုပြင်နေရလောက်အောင် မတတ်နိုင်ကြသည်ကို မျက်မြင်တွေ့ထိ ကြားသိနေရသည်ပဲ။

သူတို့၏ တာဝန်အရ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် နံပါတ် ( ၁ ) အရေးအကြီးဆုံး ရည်ရွယ်ချက်ဖြစ်၏။ မုန်တိုင်းဘေး၊ ရေဘေး၊ ငလျင်ဘေးစသည်တို့ကြောင့် ပြည်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရန် အတတ်နိုင်ဆုံးကြိုးစားရသကဲ့သို့ ခရီးသွားလာခြင်းနှင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု နည်းပါးစေရန်လည်း ဂရုပြုရ၏။

ယခုလို မိုးရာသီတွင် မုန်တိုင်းဝင်ခြင်း၊ ဒီရေဝင်ရောက်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် အလုပ်ပိုများလေ့ရှိ၏။ ထို့ကြောင့် နံနက်စောစော အိမ်မှထွက်ကာ ကားစီးရန် မှတ်တိုင်ရောက်နေသည့် သူသည် ကားစောင့်ရင်း ရွာသို့ဖုန်းဆက်ရာ သံရှည်မြည်သံ အဆုံး၌ ကြားနေကျ ဘိုးလေးတင့်၏ အသံကိုကြားရလေသည်။

"ဟလို၊ ဘိုးလေးလား… ဘာတွေ အလုပ်ရှုပ်နေတုံး"

"ဟေ ငါ့မြေး၊ ခုပဲ ဆက်တော့မလို့။ မင့်အဘွားကတောင် ပြောနေတာ။ ရွာက လူတွေကလည်း မေးလှပြီ။ ပျိုးတွေလုပ်နေရတော့ ဒီဘက်မလှည့်အားဘူးကွယ်"

"ဟုတ်လား၊ စိုက်ကြတော့မှာလား"

"မြေးကို မမေးဘဲ မစိုက်ပါဘူး။ စိုက်ပြီးမှ မိုးမကျရင် အလကားဖြစ်ကုန်မှာပေါ့ကွယ့်"

"မိုးက ဘိုးလေးတို့ဆီမှာ တစ်ရက် နှစ်ရက်အတွင်းတော့ မရွာသေးဘူး။ နောက်တစ်ပတ်ထဲမှ ရွာလိမ့်မယ် ဘိုးလေးရေ"

"အေး အေး… တို့လည်း ဒီလို ထင်တာပဲကော။ ဒါပေမဲ့ သေချာအောင် မင်းဆီကသတင်း စောင့်ရသေးတယ်လေ။ နောက်တစ်ပတ်မှ မရွာရင်တော့ ပျိုးပင်တွေ ခြောက်ဖို့။ တို့တော့ ဒီစနေ စစိုက်မယ် မှန်းတာပဲ"

"တနင်္လာလောက်မှ စိုက်ပါလား ဘိုးလေးရဲ့။ ထားလို့ မရဘူးလား"

"အဲဒီနေ့ လူရမှ ရပ့်ါမလား။ တခြားသူတွေနဲ့ အပြိုင်ဖြစ်နေရင် လုပ်သားမရဘူး ငါ့မြေး"

ဖုန်းစပီကာဖွင့်ထားပုံရသည်။ အဘွား၏အသံကို အနောက်မှ ကြားရ၏။

"အို… ကိုလေးတင့်၊ စနေ တနင်္ဂနွေမှာ အားလုံးစိုက်ကြမှာကို။ တနင်္လာမှဆို လူတောင်ရှင်းသေး။ ရတယ်ပြောလိုက်"

"အေး… အေး၊ အေးပါကွာ။ ကြားထဲ ငါ ရေဖျန်းထားရမှာပေါ့"

သို့နှင့် အနည်းငယ်ပြောပြီး ဖုန်းချလိုက်သည်။ ထို့နောက် တစ်ကိုယ်တည်း ပြုံးမိပြန်သည်။ သူ့အဘိုးအဘွားများသည် ဦးလေးများနှင့်အတူ ရွာမှာပဲ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြဆဲဖြစ်၏။ ဘိုးလေးတို့သည် တောင်သူလယ်သမားများထဲ၌ နှစ်တိုင်းလိုလို အထွက်အကောင်းဆုံး၊ သီးနှံအရဆုံး နာမည်ကျော်များပင်။

ထိုသို့ ရသည်မှာလည်း လုပ်ငန်းကျွမ်းကျင်၍ စည်းစနစ်တကျ လုပ်ကိုင်တတ်ခြင်းအပြင် မြေးဖြစ်သူ၏ အကူအညီများပါသည်ဟု တစ်ရွာလုံးက သတ်မှတ်ပြောဆိုလေ့ရှိကြ၏။ မြေးတစ်ယောက်လုံး မိုးလေဝသဌာနမှာ ရှိနေမှတော့ ရုပ်မြင်သံကြားနှင့် ရေဒီယိုများကို စောင့်နေစရာမလို၊ လိုအပ်လျှင် သတိပေးချက် ပို့လိမ့်မည်ဖြစ်ကြောင်း သိနေကြသည်။

သည်နှစ် မိုးနည်းမည်၊ မည်သည့် သီးနှံစိုက်သင့်သည်မှစ၍ မည်သည့်ရက် ခရီးမသွားနှင့်၊ မိုးများမည်၊ ကန်သင်းဖြိုထားသင့်ထား၊ ရေလွှဲကြောင်းဖောက်တန်ဖောက်ဟု သူက မကြာခဏ ဖုန်းဆက်ပြောတတ်သဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်ရသည် ဆိုလျှင်မမှား။ နောက်ပိုင်းတွင် အချို့တောင်သူများသည် သူ့ဖုန်းစောင့်ပြီးမှ လုပ်ငန်းခွင်သို့ သွားကြသောဟူ၏။

စာမျက်နှာ ၁၁ သို့ ☆



✧ **မြန်မာနိုင်ငံမှ တောင်သူအများစုသည် မိုးနှင့်အလုပ်လုပ်ကြရသည်။ မိုးရာသီကိုချိန်၍ သီးနှံစိုက်ပျိုးကြ၏။ ရွာသင့်ချိန်မရွာလျှင် သောကရောက်ကြရသလို အလွန်အကျွံ မိုးကြီးလျှင်လည်း စိုက်ခင်းများ ရေမြုပ်သွားတတ်ပြန်၏။ သူတို့အဖို့ မိုးလေဝသသတင်းသည် အခြားသောပြည်သူများထက် အပြောများသော၊ စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာမျိုးဖြစ်**

✧ **မိုးလေဝသနှင့် ဇလဗေဒဝန်ထမ်းများအဖို့ အချိန်မှန် သတင်းမှန်ထုတ်ပြန်နိုင်ရန် လိုအပ်သလို ထူးခြားသတင်းများကိုလည်း တိကျသည်ထက်တိကျအောင် ခန့်မှန်းနိုင်ရန် အရေးကြီး၏။ သဘာဝဘေးနှင့် ဆိုင်သောအခါ သူတို့ပို၍ ဝါယမစိုက်ကြရသည်။ လူ့အသက်ပေါင်းများစွာကို ကယ်တင်နေသည့် သူရဲကောင်းကြီးများအလား ကြိုးစားကြရ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**သွားရောက်ကြည့်ရှုအားပေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ တောင်သူဦးစန်းလွင်၏ ရေကြီးနစ်မြုပ် လယ်ယာမြေပေါ်တွင် ဆောင်းသီးနှံ မတ်ပဲ ငါးဧကစိုက်ခင်းအား ပန်းတိုင်အထွက်နှုန်းရရှိရေး ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများ ပက်ဖျန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား သွင်းအားစုရွက်ဖျန်းမြေဩဇာရည်များကို ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာနှင့် သစ်စိမ့်ပင်ကျေးရွာအကြား ရေဆိုးထုတ်ပြွန်အလျားပေ ၁၁၀၊ အချင်း ၂ ဒသမ ၅ ပေ၊ ကျောက်ခွက်စီလုပ်ငန်း ၇၅ ပေ x ၁၀ ပေ ဆောင်ရွက်ပြီးစီးမှုနှင့် တူးမြောင်းပေါင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာအနီး ကွင်းအမှတ် (၁၇၁၆)တွင် ပဲကြီးနှင့်နေကြာ သီးညှပ်သုံးဧကစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ ကွင်းအမှတ် (၁၇၃၂) ရေကြီးနစ်မြုပ်ဧကများတွင် ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများအား ရွက်ဖျန်းမြေဩဇာရည်များ ပက်ဖျန်းခြင်း သရုပ်ပြသမှုကို သွားရောက်ကြည့်ရှုအားပေးပြီး သီးထပ်သီးညှပ် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေးတို့ကို အလေးထားလိုက်နာ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြား၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများအား သွင်းအားစု ပိုးသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာများ ပေးအပ်ကြသည်။



ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကွင်းအမှတ် (၁၇၃၂) ရေကြီးနစ်မြုပ်ဧကများတွင် ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများ ရွက်ဖျန်းမြေဩဇာရည်များ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)၌ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ညောင်ဦး ဒီဇင်ဘာ ၁၇**

အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ခန်းမ၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောရာ အမျိုးသမီးများသည် ပတ်ဝန်းကျင်နှင့် နီးကပ်ခြင်း၊ ကဏ္ဍအလိုက် အမျိုးသမီးများအပေါ် သက်ရောက်မှုများရှိခြင်း၊ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်းစသည့် အကြောင်းအရာများ၊ အမျိုးသမီးများ၏စွမ်းဆောင်နိုင်မှုနှင့် ကျား/မ တန်းတူညီမျှမှုတို့သည် လူသားဖွံ့ဖြိုးတိုးတက်မှု၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားများကြားတွင် သဟဇာတဖြစ်တည်မှု တို့အပေါ် သက်ရောက်မှုရှိကြောင်း ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

★ စာမျက်နှာ ၁၀ မှ

သူက အမြဲမှန်သည် မဟုတ်သော်လည်း သေချာလောက်မှ ပြောတတ်၍ ရွာရှိရပ်ဆွေရပ်မျိုးများ၏အားထားရာ မိုးလေဝသသတင်းထုတ်ပြန်သူဖြစ်လာသည်။ သူမို့ ရွာပြန်သွားလျှင် ကျေးဇူးရှင်ကြီးအလား ဟိုအိမ်ကခေါ် ဒီအိမ်ကပင့်နှင့် အိမ်တကာလည်ကာ ဧည့်သည်လိုက်လုပ်ရတတ်၏။ ဧည့်ခံကြရင်း သူတို့သိလိုသမျှ မေးလာကြသည်ကို ဖြေရသည်။

"မနှစ်က တို့လယ်တွေ ရေမြုပ်လိုက်တာကွယ်။ လေးလေးတင့်တို့ ပြောပါလျက်နဲ့ သူလေ... သူ၊ ပျင်းအားကြီးနေတာ။ အချိန်မီ လုပ်သင့်တာ မလုပ်တော့ ပျက်ကရော"

အိမ်ရှင် အဒေါ်ကြီးက ကော်ဖီနှင့် မုန့်များချရင်း အိမ်ထောင်ဦးစီးအား အပြစ်တင်သည်ကိုလည်း ဤသို့ ကြားရဖူး၏။

"ဩော်... ဘယ်ထင်မတုန်းဟ။ အဲဒီတုန်းက မိုးမစွေဘဲ အုန်းဆို ရွာချသကိုး။ တော်တန်ရုံရွာပြီး ပြတ်မယ်ထင်တာပေါ့"

ထိုအခါ သူက မိုးလေသတင်းကို နားထောင်၍ အခါအားလျော်စွာ လုပ်သင့်လုပ်ထိုက်သည်တို့ လုပ်ပါက ပျက်စီးနိုင်ခြေနည်းပါးကြောင်း၊ သူတို့ မိုးလေဝသသမားများသည် စိုက်ပျိုးရေးသမားများအတွက်လည်း ကြည့်ရှုသုံးသပ် တွက်ချက်ထုတ်ပြန်ပေးကြောင်း၊ ထို့ကြောင့် သတင်းမကြည့်ဖြစ်လျှင်တောင် ဘိုးလေးတင့်အိမ်ဝင်၍ စနည်းနာသင့်ကြောင်း ပြေလည်စွာပြောပြရသည်။

"အေးပါ...ငါလည်း နားဝေးတဲ့သူ မဟုတ်ပါဘူး။ မင်းအဒေါ်က မြည်တွန်တောက်တီးလွန်းတော့ ဟုန်ပြီး ယောင်နနဖြစ်သွားလို့ပါ"

"အမယ်လေး... ဖြစ်ရတယ် ကိုအောင်မြို့ရယ်၊ ဖြစ်ရတယ်။ ဒီလောက် ပြောနေတာတောင် မလှုပ်တာကို"

ရွာခလေ့ကတော့ ထိုသို့ပင်။ အချို့က အေးလွန်းသည်။ အချို့က ဆူလွန်းသည်။ ယင်း မတူညီမှုများသူ့ဟာနှင့်သူ သဟဇာတဖြစ်နေကြသည်ကပင် ပျော်စရာ။ ရွာရောက်တိုင်း သူ့မှာကြားစရာက အပြည့်။ ရွာဇာတ်လမ်းများကို နားထောင်ရသည်ကား မရိုးမအီနိုင်ပါချေ။

တစ်ခါတစ်ရံ ကတ်သီးကတ်သတ် အမေးမျိုးနှင့်လည်း ကြုံရတတ်ပြန်သည်။

"မင်းတို့အလုပ်ထဲမှာ ဗေဒင်ဆရာတွေရှိ မဟုတ်လားကွ၊ ကြုံတုန်း ကျန်းမာရေးညံ့နေတာလေး မေးခဲ့စမ်းကွာ"

"ဘယ်က ဗေဒင်ဆရာရှိရမှာတုံး ဘကြီးရဲ၊ ကြံကြံဖန်ဖန်"

"နို့... ဘယ်သူက ရေ့ဖြစ်တွေ ကြိုဟောနေသတုံး"

"ဗျာ"

ယင်းသို့ ထင်သူများ ရှိသလို အချို့ကလည်း...

"မင်းတို့ မိုးလေဝသက လူတွေ လေပူဖောင်းကြီးတွေ စီးရမှာပေါ့"

"ဂြိုဟ်တုက ပုံတွေကြည့်ပြီး ပြောတာဆိုတော့ အဲဒီဂြိုဟ်တု မင်းတို့လွှတ်တင်ထားတာလား။ ဘယ်လောက်ကုန်သတုံး"

"ဟော့... နေပါဦးကွ၊ ငါ မရှင်းတာလေး မေးပါရစေဦး။ မင်းတို့ပြောတာ မိုးရေချိန်က နှစ်လက်မ၊ သုံးလက်မလောက်ပဲ ရွာပေမယ့် မြစ်ရေကျ ဘာလို့ ငါးပေ၊ ခြောက်ပေအထိ တက်ပစ်တာလဲဟ။ မိုးတစ်လက်မ ရွာရင် ရေဘယ်နှပေတက်ရမယ်လို့ ရှိလား"

ထိုအခါမျိုးတွင် သူခေါင်းကုတ်ကာ နားလည်လွယ်အောင် မည်သို့ရှင်းပြရမည်ကို အတော်စဉ်းစားရသည်။ မိုးရေက ခြင်ခွက်ကလေးနှင့် ခြင်တွယ်တိုင်းတာတာဖြစ်ကြောင်း၊ မြစ်ရေက မိုးရေချိန်ကြောင့် မဟုတ်ဘဲ မြောက်ဘက်မှ ရေခဲတောင်များ ပြိုလျှင်လည်း ရေကြီးနိုင်ကြောင်း၊ မြစ်အောက်ပိုင်း၌ မိုးမရွာလျှင်လည်း အထက်တွင် ရွာပါက တောင်ကျရေ၊ ချောင်းရေတို့မှ စီးဝင်သဖြင့် မြစ်ရေတိုးနိုင်ကြောင်းတို့ ရှင်းပြရသည်။

ဒါတောင်...

"ဆိုတော့ မိုးများရင် ရေကြီးမှာပဲပေါ့။ မင်းတို့ စာရင်းလုပ်ထားဖို့ ကောင်းတယ်။ မိုး ဘယ်လောက်ရွာရင် ရေဘယ်လောက် တက်တယ်ဆိုပြီး မှတ်တမ်းလေး သွင်းထားတော့ နောင်နှစ်တွေ ကြည့်လို့ရတာပေါ့ဟ"ဟု အကြံပေးသွားသေးသည်။ သူရယ်လျက်သာနေလိုက်ရ၏။ သူတို့ဌာန၌ စခန်းအသီးသီးမှ ပေးပို့လိုက်သော မိုးရေချိန်၊ မြစ်ရေ၊ ငလျင် စသည်တို့ကို တိုင်းတာချက်များ နေ့စဉ်ရရှိ တွက်ချက်နေကြရသည် မဟုတ်လော။

သူသည် တွေးရင်း အဖြစ်အပျက်တစ်ခုကို အမှတ်ရလာ၏။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာစဉ်ကဖြစ်သည်။ သူချစ်ရသူမှာ ပင်လယ်ကမ်းခြေ ရွာတစ်ရွာမှ မြို့ပေါ်သို့ အလုပ်နှင့် ရောက်နေသူတစ်ဦး။ သူက မုန်တိုင်းငယ်သည် အားကောင်းသော မုန်တိုင်းကြီးတစ်ခုဖြစ်လာရန် အလားအလာများနေသည်ကို သုံးသပ်မိသည်။

ထိုအကြောင်း သူ့ချစ်သူအား ပြောပြခဲ့မိ၏။ သူပြောတုန်းကတော့ ခပ်ပေ့ါပေ့ါသဘော၊ မကြာခင် အဲဒီဘက်ကို မုန်တိုင်းဝင်လိမ့်မယ် သဲရေဆိုတာမျိုးလောက်သာ။ သို့သော် ဝင်မှာသေချာလားဟု ပြန်မေးလာသောအခါ အနည်းဆုံးတော့ အဖျားခတ်မှာပဲ။ ကမ်းခြေဒေသတွေ သတိထားဖို့လိုမယ်ဟု ပြောလိုက်သည်။

ထို့နောက် သူ့ကောင်မလေး ရွာပြန်သွား၏။ ဖုန်းဖြင့် ပြောဆိုမရသော ဖခင်ဖြစ်သူအား တားရန်သွားကြောင်း နောက်မှသိရသည်။ ကံကောင်းထောက်မသဖြင့် ငါးဖမ်းလှေ လိုက်တော့မည့် ဖခင်အား အချိန်မီဆွဲထားလိုက်နိုင်သည်။ ထို့နောက် သူတို့ရွာကို မုန်တိုင်းထိသွား၏။ အကယ်၍ မုန်တိုင်းငယ်လောက်ပဲဟု ပေါ့ဆစွာ ပင်လယ်ပြင်သို့ ထွက်ခဲ့ပါက မတွေးရဲစရာ။

မုန်တိုင်းဒဏ်ကြောင့် အိမ်အမိုးလန်သွားသော်လည်း သူ့ချစ်သူက သူ့ကိုကျေးဇူးအထူးတင်ကြောင်း ဆိုလာသည်။ သူသာ ကြိုတင်ခန့်မှန်းမိသည်ကို ထုတ်မပြောခဲ့ပါက ပင်လယ်ထဲ တစ်လကိုးသီတင်း ထွက်ရတတ်သော ဖခင်ဖြစ်သူအား ပြန်တွေ့ရန် မလွယ်ဟု ပြောရင်းသူ့ကို အားလုံးက ကျေးဇူးတင်နေကြသည်ဆို၏။

**တစိမ့်စိမ့်ကျေနပ်၍မဆုံး**

ရေလုပ်သားများမှာ မုန်တိုင်းသတင်း မကြားရသောကြောင့် လည်းကောင်း၊ ကြားသော်လည်း ပေ့ါဆသဖြင့်လည်းကောင်း အသက်ဆုံးရှုံးကြရသည်မှာ မနည်းတော့။ သူ၏ ကြိုတင်ခန့်မှန်းမှုနှင့် ချက်ချင်းသိစေမှုကြောင့် ချစ်သောသူ၏ မိသားစု အပါအဝင် ရေလုပ်သားအများ ဘေးလွတ်ကြောင်း ကြားလိုက်ရသောအခါ သူတစိမ့်စိမ့်ကျေနပ်၍ မဆုံးပြီ။

အကြောင်းတိုက်ဆိုင်တိုင်းလည်း တကူးတက ကောင်းမှုပြုရသည်မဟုတ်ဘဲ လူ့အသက်များကို ကယ်ဆယ်နိုင်သော သမ္မာအာဇီဝအလုပ်တစ်ခုကို လုပ်မိခြင်းအတွက် ဂုဏ်ယူနေမိသည်။ ငယ်ငယ်က အားကျခဲ့ရသော Super Hero ကြီးများလို အစွမ်းသတ္တိမရှိသော်ငြား သူတို့နှင့်မခြား ကိုယ့်ကိုယ်ကိုယ် အားရမိ၏။

မွန်မြတ်သောအမှုကို နေ့စဉ်ပြုနေသည်ဟူသည့် စိတ်သည် သူ၏ခြေလှမ်းများကို ပေ့ါပါးတက်ကြွစေသည်။ အဆိုပါ ခြေလှမ်းတို့မှာ ပစ္စုပ္ပန်ကောင်းကျိုးအတွက် အနာဂတ်သို့ ကြိုတင်လှမ်းလင့်သော ခြေလှမ်းများဟု ယုံကြည်လေသည်။ သူသည် နိစ္စဓူဝလုပ်ငန်းခွင်ကိုပင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဟု သူ့ဘာသာ ခံယူကာ ဇလဗေဒဌာနထဲ မတ်မတ်ကြီး ဝင်သွားလေတော့သည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းစည်းဝေး

**မုံရွာ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၄) ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မှန်ကန်စွာရွေးချယ်ဆောင်ရွက်ပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့ တိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သက်ဆိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်း (MSME)များနှင့် သမဝါယမအသင်းများအား လုပ်ငန်းအမျိုးအစားများအလိုက် ချေးငွေများထုတ်ချေးထားပြီးဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်သုတေသနများကို MSME လုပ်ငန်းများအလိုက် စစ်တမ်းများ စနစ်တကျအသုံးချကာ လုပ်ငန်းမြှင့်တင်ရန်၊ ဝန်ဆောင်မှုပေးရန်နှင့် လိုအပ်ချက်အရ လမ်းညွှန်တည့်မတ်ပေးရန်စသည့် လုပ်ငန်းစဉ်များအား တိုင်းဒေသကြီး MSME Agency က မှန်ကန်စွာ ရွေးချယ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ချေးငွေများ ထုတ်ချေးပေးထားမှုများနှင့် ချေးငွေများဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များ ဆောင်ရွက်နေမှု အခြေအနေများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ပြီး မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ချေးငွေများဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် ဦးမြင့်ဦးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၌တွေ့ဆုံပြီး ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်ပါက ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များပါ လိုအပ်သောအချက်အလက်များကို ရှင်းလင်းတင်ပြခြင်းနှင့် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်းများ ဆောင်ရွက်သည်။

**လိုအပ်သည်များမှာကြား**

ယင်းနောက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအတွင်းရေးမှူးက ရှမ်းပြည်နယ်တစ်ခုလုံး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် ပဉ္စမအကြိမ် မြေပြင်လူဦးရေ စာရင်း စိစစ်ထားရှိမှု၊ ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ရုံးအဆောက်အအုံများ အခြေအနေ၊ ပြည်နယ်/ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်များမှ မဲရုံလျာထားမှုနှင့် CVLMS သို့ စာရင်းတင်သွင်းထားရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများမှ အတွင်းရေးမှူးများနှင့် ဆက်လက်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ပထမအကြိမ် မြန်မာ-တရုတ်(ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကျင်းပ

**ချုံချင့် ဒီဇင်ဘာ ၁၇**

မြန်မာကောင်စစ်ဝန်ချုပ် ရုံး၊ ချုံချင့်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်မြို့ ယွီကျုံးခရိုင်အစိုးရတို့ ပူးပေါင်း၍ "အနုပညာဖြင့် ပေါင်းစည်းဆက်သွယ်-မြန်မာပြည်မှ ချုံချင့်သို့" ခေါင်းစဉ်ဖြင့် ပထမအကြိမ် မြန်မာ-တရုတ် (ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ချုံချင့်မြို့ရှိ အနုပညာပြဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနား၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် ယွီကျုံးခရိုင် ဒုတိယမြို့တော်ဝန် Mr. Lai Liang တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

အခမ်းအနားသို့ ချုံချင့်မြူနီစီပယ်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် Mr. Zhang Yongwu၊ ချုံချင့်နိုင်ငံခြားရေးရာဌာန၊ ယွီကျုံးနိုင်ငံခြားရေးရာဌာန၊ ချုံချင့်ယွီကျုံး ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကော်မတီနှင့် အခြားအစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် ပြည်ပကောင်စစ်ဝန်ချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်သည်။



အခမ်းအနားတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ် ဦးဆောင်သည့် မြန်မာ့သဘင်ပညာရှင် ၂၀ ဦးက မြန်မာ့ရိုးရာရုပ်သေးအက၊ နှစ်ပါးသွားအက၊ မြန်မာ့ကျောက်ဆည်ဆင် အက၊ ကျေးလက်အက၊ ဖျာပုံ နန်းတွင်းရာမယနဇာတ်နှင့် မြန်မာ့ရိုးရာ အတာသင်္ကြန်အကတို့ကို မြန်မာ့တူရိယာဆိုင်းဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တရုတ်ယဉ်ကျေးမှုအဖွဲ့ကလည်း ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့ဒဂုံတက္ကသိုလ်ဓာတ်အားခွဲရုံအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အရှေ့ဒဂုံတက္ကသိုလ်ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားခွဲရုံရှိ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးအား သီးခြားစီခွဲထုတ်၍ ဓာတ်အားပေးရန် ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ခရိုင်နှင့် မြို့နယ်ရုံး တာဝန်ရှိသူများ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး၊ အများပြည်သူ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် တိုးချဲ့တည်ဆောက်လျက်ရှိသည့် ၃၃/၁၁ ကေဗွီ ချမ်းသာရွှေပြည်ဓာတ်အားခွဲရုံမှ ဖီဒါများခွဲ၍ ဓာတ်အားပို့လွှတ်နိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးရေးတို့ကို အသေးစိတ်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင် YESC**



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ပြပွဲ ကျင်းပ




**ဗီယင်ကျန်း ဒီဇင်ဘာ ၁၇**

၂၀၂၄ ခုနှစ် လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ပြပွဲကို ဒီဇင်ဘာ ၁၆ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြပွဲတွင် နိုင်ငံအတွင်း စိုက်ပျိုးသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကျင့်သုံးနေသည့် စိုက်ပျိုးရေးနည်းပညာများနှင့် ထုတ်ကုန်များကို လက်တွေ့ပြသခဲ့သည်။

ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိသည့် အဆိုပါပြပွဲတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများနှင့် အစိုးရအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သည့်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ကွန်ရက်တည်ထောင်ထားမှုကို ထည့်သွင်းပြသခဲ့ကြောင်း လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းဝန်ကြီးဌာနမှတ်တမ်းအရသိရသည်။ ယခုကျင်းပသည့်ပြပွဲသည် နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရန် သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် သစ်တော လုပ်ငန်းဝန်ကြီး လင်ခန်ဒိုအန်ဆာဗာ က ပြောကြားသည်။

ပြည်ပမှ သွင်းကုန်တင်သွင်းနေရခြင်းကို လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံ၏ နိုင်ငံခြားငွေသုံးစွဲနေမှုကို လျှော့ချနိုင်ပြီး အကျိုးကျေးဇူးများရရှိကြောင်း ၎င်းက ပြောသည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လယ်သမားများအား စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးပေးမည်ဖြစ်ပြီး စိုက်ပျိုးရေးထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်အထိ ရောက်ရှိစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုပြပွဲကျင်းပခြင်းသည် လာအိုနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အပေါ်တွင် ထားရှိသည့် ကတိကဝတ်ကို အတည်ပြုခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

## ဂျပန်နိုင်ငံတွင် ၂၀၄၀ ပြည့်နှစ်၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်မည်

**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်နိုင်ငံ၏ စွမ်းအင်အရင်းအမြစ်အဖြစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေအားနှင့် နေရောင်ခြည်စွမ်းအင်ကို အဓိကရယူသုံးစွဲရန် ဂျပန်အစိုးရက ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။ ၂၀၄၀ ပြည့်နှစ်တွင် ၎င်းရည်မှန်းချက်အောင်မြင်ရန် ရည်မှန်းထားသည်။




**ဆွေးနွေး**

နိုင်ငံ၏ စွမ်းအင်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ ဂျပန်အစိုးရသည် စွမ်းအင်အရင်းအမြစ်အဖြစ် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် လေနှင့် နေရောင်ခြည်စွမ်းအင်ကို ရယူသုံးစွဲရန် အစီအစဉ်ကို ဒီဇင်ဘာ ၁၇ ရက်တွင်ကျင်းပမည့် အစည်းအဝေး၌ ဆွေးနွေးမည်ဖြစ်သည်။

ခရစ်နှစ် ၂၀၄၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှုကို ၅၀ ရာခိုင်နှုန်း အထိ မြှင့်တင်မည်ဖြစ်သည်။ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားမတော်တဆမှု ဖြစ်ပွားပြီးနောက် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်အသုံးပြုမှုကို လျှော့ချရန် စီစဉ်ဆောင်ရွက်နေသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

## ဂျပန်နိုင်ငံ၌ လေထုထဲမှ ရေငွေ့ဖြင့် သောက်သုံးရေထုတ်လုပ်သည့်ကိရိယာ စတင်စမ်းသပ်သုံးစွဲ




**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်နိုင်ငံ တိုကျိုဒေသမြောက်ပိုင်း တိုမီအိုကာမြို့တွင် ကာဗွန်ခတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချသည့် အနေဖြင့် လေထုထဲမှရေငွေ့ကို သောက်သုံးရေအဖြစ် ပြန်လည်ထုတ်လုပ်သည့် ကိရိယာကို စတင်စမ်းသပ်သုံးစွဲခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းမြို့၏ မြို့တော်ခန်းမနှင့် အားကစားရုံတစ်ခုတွင် အဆိုပါကိရိယာ ငါးခုစီကို တပ်ဆင်ခဲ့သည်။ ကိရိယာသည် တစ်နေ့လျှင် သောက်ရေသန့် ၃၃ လီတာကို ထုတ်လုပ်နိုင်သည်။ ထိုကိရိယာအသုံးပြုခြင်းဖြင့် ကာဗွန်ခတ်ငွေ့ထုတ်လွှတ်မှု မည်မျှလျှော့ချနိုင်သည်ကို တာဝန်ရှိသူများက လေ့လာမည်ဖြစ်သည်။

ယင်းကိရိယာဖြင့် ရေသန့်ထုတ်လုပ်မှုလုပ်ငန်းတွင် ပလတ်စတစ်စွန့်ပစ်မှု လျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် အသုံးပြုပြီးသည့် ရေသန့်ပုလင်းများကို ပြန်လည်အသုံးပြုမည်ဖြစ်သည်။

ထိုကိရိယာဖြင့် မြစ်ရေကိုအသုံးပြုပြီးရေသန့်ထုတ်လုပ်ပါက တစ်နေ့လျှင် ရေသန့် လီတာ ၆၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုကိရိယာကို သဘာဝဘေးကျရောက်သည့်အချိန်တွင် သုံးစွဲနိုင်ရန် ရည်ရွယ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**



## ဂျာမနီနိုင်ငံ၌ မျောက်ကျောက်ရောဂါမျိုးစိတ်သစ် Clade Ib ကူးစက်ခံရသူ လေးဦးတွေ့ရှိ

**ဘာလင် ဒီဇင်ဘာ ၁၇**

ဂျာမနီနိုင်ငံ၌ မျောက်ကျောက်ရောဂါမျိုးစိတ်သစ် Clade Ib ကူးစက်ခံရသူ လေးဦးကို တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။ ၎င်းတို့အနက်မှ ကူးစက်ခံရသူနှစ်ဦးမှာ ကျောင်းနေအရွယ်ကလေးများဖြစ်သည်။

ပထမဆုံးရောဂါကူးစက်ခံရသူသည် အာဖရိကဒေသသို့ မိသားစုလိုက်ခရီးထွက်ရာမှ အပြန်တွင် ကူးစက်ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မိသားစုဝင်သုံးဦးကို ထပ်မံကူးစက်ခဲ့ရာမှ လက်ရှိအချိန်တွင် ၎င်းမိသားစုအား သီးခြားခွဲ၍ စောင့်ကြည့်မှုဆောင်ရွက်နေရသည်။ မျောက်ကျောက်ရောဂါကူးစက်ခံရသည့် ကလေးများတက်ရောက်သင်ကြားနေသည့်ကျောင်းအား လက်ရှိအချိန်တွင်ပိတ်ထားပြီး အွန်လိုင်းမှသင်ကြားရန်ဆောင်ရွက်နေသည်။ ဂျာမနီနိုင်ငံတွင် မျောက်ကျောက်ရောဂါမျိုးစိတ်သစ် Clade Ib ကူးစက်မှုကို အောက်တိုဘာလအတွင်းက တွေ့ရှိခဲ့သော်လည်း လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူမရှိကြောင်း သိရသည်။ ရောဂါလက္ခဏာများအဖြစ် ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ပြွန်ရေကျိတ်များ ရောင်ရမ်းခြင်း ကိုယ်ခန္ဓာတွင် အဖုအကျိတ်များ ထွက်ခြင်းတို့ ခံစားရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**


## ဟူသီစစ်သွေးကြွအဖွဲ့က အစ္စရေးနိုင်ငံ တဲအဗစ်ရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို ဒုံးကျည်များဖြင့် ပစ်ခတ်

**ဆာနာ ဒီဇင်ဘာ ၁၇**

အစ္စရေးနိုင်ငံ တဲအဗစ်ရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွအဖွဲ့က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ဂါဇာဒေသရှိ ပါလက်စတိုင်းများအား ထောက်ခံသည့်အနေဖြင့် အစ္စရေးနိုင်ငံရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို မိမိတို့တိုက်ခိုက်ခဲ့ကြောင်း ဟူသီစစ်သွေးကြွအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာက ပြောကြားသည်။ ပစ်မှတ်များကို တိုက်ရိုက်ထိမှန်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဂါဇာဒေသတွင် အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုမရပ်မချင်း ဟူသီစစ်သွေးကြွအဖွဲ့ကလည်း အစ္စရေးနိုင်ငံအား တိုက်ခိုက်မှုရပ်တန့်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ယီမင်နိုင်ငံ ဟာဂျတ်ပြည်နယ် အနောက်မြောက်ပိုင်း ဗာဟစ်ဒေသရှိ ဟူသီစစ်သွေးကြွအဖွဲ့၏ ဒုံးကျည်ပစ်စင်အား အမေရိကန်နှင့် ဗြိတိန်မဟာမိတ်တပ်ဖွဲ့က ဒုံးကျည်ဖြင့် ဒီဇင်ဘာ ၁၆ ရက်က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ဟူသီစစ်သွေးကြွအဖွဲ့သည် ယမန်နှစ်နိုဝင်ဘာလမှ စတင်၍ ဒေသတွင်းရှိ ရေပြင်တွင်သွားလာနေသည့် အစ္စရေးနှင့် ဆက်စပ်နေသည့် သင်္ဘောများအားတိုက်ခိုက်ပြီး ဂါဇာဒေသရှိ ပါလက်စတိုင်းများနှင့် တစ်သားတည်းရှိကြောင်း ပြသခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



## တရုတ်- အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အာဆီယံဒေသတွင်းနိုင်ငံများအတွက် အကျိုးကျေးဇူးများရရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၇**

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့အကြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အကျိုးစီးပွားများရရှိစေခဲ့ကြောင်း မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး အန်ထော်နီလိုကီဆီဖွန်းက ၂၀၂၄ တရုတ်-မလေးရှားထိပ်သီး ဆွေးနွေးပွဲတွင် ပြောကြားသည်။

မလေးရှားနိုင်ငံက အာဆီယံသဘာပတိအဖြစ် တာဝန်ရယူမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ နှစ်နိုင်ငံအကြားနီးကပ်စွာ ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ ဆက်ဆံရေးကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ မိမိတို့သည် တိုးတက်မှုရှိပြီး အခွင့်အရေးများကို မျှဝေသည့်ဒေသတစ်ခုကို အကောင်အထည်ဖော်တည်ထောင်မည်ဖြစ်ကာ အစဉ်အမြဲပြောင်းလဲတိုးတက်နေသည့် ကမ္ဘာတွင် အာဆီယံအဖွဲ့အား တည်ငြိမ်မှု၊ တီထွင်ဆန်းသစ်မှုနှင့် ညီညွတ်မှုတို့ကို လမ်းပြဖော်ဆောင်သည့် အဖွဲ့အစည်းဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့၏ လျှောက်လှမ်းခဲ့သည့် ခရီးလမ်းတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး တရုတ်ကုမ္ပဏီများကလည်း အစိမ်းရောင်နည်းပညာနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခဲ့ကြောင်း ၎င်းကပြောကြားသည်။ မလေးရှားနိုင်ငံ၏ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် တရုတ်နိုင်ငံကလည်း အမြဲတစေကူညီဆောင်ရွက်ခဲ့ကြောင်း မလေးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကူရန်ယူဂျင်းက ပြောကြားသည်။ သိပ္ပံနှင့်နည်းပညာ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် နည်းပညာမြင့်ထုတ်ကုန်ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နေကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# တာချီလိတ်မြို့၌ ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၇

တာချီလိတ်မြို့တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်း ဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း)၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Waterများ သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိကျန်ကြားအန်၏နေအိမ်ကို သတင်းအရ ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၄၁ ကီလို၊ ကက်တမင်း ၂၃ ကီလိုနှင့်အက်တက်စီဆေးပြား ၁၂၈၀၀၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရယင်းနေ့ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ သိမ်းဆည်းရမိစိတ်ပြောင်း ဆေးဝါးများပိုင်ရှင် တွမ်လောင်ဖူး(ခ) အားဟွာ၏နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တွမ်ရှီးခွမ်အား စိတ်ပြောင်းဆေးဝါး Happy Water နှစ်ကီလို၊ Happy–5 ဆေးပြား ၁၆၀၀၀၊ အက်တက်စီအမှုန့် ကိုးကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၄၁ ကီလို၊ ကက်တမင်း ၂၃ ကီလို၊ အက်တက်စီဆေးပြား ၁၂၈၀၀၀၊ Happy Water နှစ်ကီလို၊ Happy–5 ဆေးပြား ၁၆၀၀၀ ၊ အက်တက်စီအမှုန့် ကိုးကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# မုံရွာမြို့နယ် ဂေါ်ကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၅၀ ကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဂေါ်ကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၅၀ ကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။




သတင်းအမှားများ ဖြန့်ဝေ

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် ယာယီနေရပ်စွန့်ခွာနေရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိုသို့အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ မလုပ်ဆောင်နိုင်စေရန် လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီး ခေါ်ဆောင်ခြင်းများ မရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ရှင်းသန့်" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ခါချဉ်ကျွန်းကျေးရွာနေ ချောစုလှိုင်(ခ)မိုးမိုးလွင်အား ညနေ ၅ နာရီ ၅၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၁ ဒသမ ၂၂၅၈ တန်၊ သစ်မာ ၄ ဒသမ ၈၁၁၈ တန်၊ အခြားသစ် ၁၈ ဒသမ ၇၀၀၀ တန် (စုစုပေါင်း ၄၄ ဒသမ ၇၃၇၆ တန်)၊ ယာဉ်/ ယန္တရားရှစ်စီး၊ တရားခံငါးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၂-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါရှုဏ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ အမျိုးသားအားကစားပွဲတော် (Highlights)(13)
- ၀၉:၁၅ မွေးမြူရေးရာ အဖြာဖြာ
- ၀၉:၄၀ နှစ်ဝိုင်းတစ်ပတ်စုံ နှစ်(၁၀၀)ပြည့် အမျိုးသားကန်တော့ကြီးဦးပျဉ်ပန်းပွဲတော်
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း–၁၆)
- ၁၃:၀၅ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၆:၄၅ AFF Mitsubishi Electric Cup-2024 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် လာအိုအမျိုးသားလက်ရွေးစင်အသင်း)
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း–၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၅ အမျိုးသားအားကစားပွဲတော် (Highlights)(14)
- ၂၁:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၂:၂၅ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) (ဝါသနာရှင် (ပထမတန်း)အဆင့်) (ဒုတိယဆု) 'မဟာသုတသောမဇာတ်တော်ကြီး' 'ဦးစိုးသန်းထွန်း' (ကရင်ပြည်နယ်)

### mitv

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung)
- 07:23 Pork - Tha Khut Curry
- 07:34 Trend of Kachin Dress
- 08:01 News
- 08:26 Asia Updates; Greening the Blue - Yongxing Island
- 08:35 Tour around Kyaukse
- 08:51 Myanmar Masterclass: Artist Khin Maung Zaw
- 09:01 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
- 09:20 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
- 09:35 A Grate Musician of A Horn Violin
- 10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားမြေမှ လန်းဆန်းသောပန်းကလေးများ

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွန်းရွာလေး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း–၆)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ကရင်အိမ်သို့အလည်တစ်ခေါက်

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကြက်သားနှင့်ပိန္နဲသီးချက်နည်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မဒါးအိမ်နူးသို့အလည်တစ်ခေါက်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ခန့်ညားရှုယဉ်မွန်တို့အသွင် ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ကေနို့ဖျိုင်နှင့် ရွှေဖရုံသီးချက်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း –၁၇)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၄၅ SPORTS MAX
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ အမျိုးသားအားကစားပွဲတော် Highlights

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလောန်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း–၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၅၀)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ရောဂါဒဏ်ခံနိုင်ရည်ရှိပို့စပ်မျိုးခရမ်းချဉ်မျိုးများစိုက်ကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ June Tour of Our South Garden
- ၁၉:၂၀ Modern Agriculture Machines That Are At Another Level -5
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ အုံ့ရောဟယ် (ဇာတ်လမ်း)
- ၂၂:၀၀ A Year-End Medley (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၀၀ အားကစားသတင်း
- ၀၇:၃၀ National Sports Highlights
- ၁၅:၀၀ ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ)တိုက်ရိုက်ထုတ်လွှင့်မှု

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကစားသမားကောင်းတစ်ဦးဖြစ်ဖို့ လေ့ကျင့်မှုတွေ လိုအပ်သလို ပြိုင်ပွဲတွေရှိမှလည်း လေ့ကျင့်မှုက ထိရောက်မှုရှိတာကြောင့် ပြိုင်ပွဲတွေရှိဖို့ လိုအပ်တာဖြစ်ပါတယ်

ဦးဖုန်းကျော်ဦး

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-


ဦးဖုန်းကျော်ဦး


ကိုနီလန်း


ကိုအေမီလွင်


မောင်ရဲထိုက်ဝေ


မဇင်ဝေအောင်


ဦးကျော်သီဟ


မနန်းဇော်ထိပ်ထားအောင်

**ဦးဖုန်းကျော်ဦး**
**စားပွဲတင်တင်းနစ်အသင်းနည်းပြ**
**မွန်ပြည်နယ်ကိုယ်စားပြု**

ကျွန်တော်တို့ မွန်ပြည်နယ် ကိုယ်စားပြု စားပွဲတင်တင်းနစ် အသင်းအနေနဲ့ ဒီပြိုင်ပွဲဝင်ဖို့ နှစ်လ ကျော်ကျော်လောက် စခန်းသွင်း လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အခု ပြိုင်ပွဲမှာ မွန်ပြည်နယ်က ဝင်ပြိုင်တဲ့ စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်တွေထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြိုင်ပွဲအတွေ့အကြုံရှိတဲ့ ကစားသမားသုံးယောက်ပဲပါပြီး ကျန်တဲ့ ကစားသမားတွေကတော့ အခုပွဲမှ စတင်ယှဉ်ပြိုင်ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ် ကိုယ်စားပြု စားပွဲတင်တင်းနစ် အသင်းအနေနဲ့ ၂၀၂၂ ခုနှစ်က တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် အားကစားပြိုင်ပွဲ အသင်းလိုက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲမှာ ဆုတံဆိပ်တွေရခဲ့ပါတယ်။ မွန်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင် အရေအတွက်ကတော့ အမျိုးသား ငါးယောက်၊ အမျိုးသမီးလေးယောက် ပေါင်း ကိုးယောက်နဲ့ ယှဉ်ပြိုင်နေတာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းတိုင်းကတော့ ကောင်းကြပါတယ်။ အနိုင်အရှုံးရလဒ်ကတော့ ကြိုးစားမှုအပြင် ကံကြမ္မာလည်းပါပါတယ်။ ကစားသမားတွေက လက်ရည်ကောင်းတယ်။ ယှဉ်ပြိုင်ရတဲ့ပွဲကနည်းနေလို့ ကစားသမားတွေအတွက် အခက်တွေ့နေတာဖြစ်ပါတယ်။ န ည်းစနစ်ပိုင်းထက် ပုံမှန်လေး လေ့ကျင့်နေမှ ဘောလုံးနဲ့ အမြဲတမ်းထိတွေ့နေမှ ကစားသမားကောင်းတစ်ဦး ဖြစ်လာမှာပါ။ ဒါကြောင့် ကစားသမားကောင်း တစ်ဦးဖြစ်ဖို့ လေ့ကျင့်မှုတွေ လိုအပ်သလို ပြိုင်ပွဲတွေရှိမှလည်း လေ့ကျင့်မှုက ထိရောက်မှုရှိတာကြောင့် ပြိုင်ပွဲတွေရှိဖို့လည်း လိုအပ်တာ ဖြစ်ပါတယ်။

**ကိုနီလန်း**
**ဘီလိယက်/စနူကာ**
**အားကစားပြိုင်ပွဲဝင်**
**ကချင်ပြည်နယ်ကိုယ်စားပြု**

ကျွန်တော့်အတွက် နိုင်ငံတော်အဆင့်ကျင်းပတဲ့ အမျိုးသား အားကစားပြိုင်ပွဲမှာ ဝင်ပြိုင်ဖြစ်တာ ပထမဆုံးပွဲဖြစ်ပါတယ်။ ဒီပွဲမတိုင်ခင်က မြစ်ကြီးနားမှာ ပြိုင်ပွဲတစ်ပွဲပြိုင်ခဲ့တုန်းကလည်း ဆုတစ်ခုရခဲ့ပါသေးတယ်။ အခု အမျိုးသား အားကစားပြိုင်ပွဲမှာတော့ စနူကာ ၁၅ လုံးနှစ်ယောက်တွဲယှဉ်ပြိုင်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ခွင့်ရတာ အလွန်ပဲဂုဏ်ယူမိပါတယ်။ ပထမဆုံးပွဲမှာ ဒီလောက်ထိ ထိုးနိုင်တာ တော်သေးတယ်။ ဒါမျိုးပြိုင်ပွဲတွေ များများလုပ်ပေးလေ ကျွန်တော်တို့ ကစားသမားတွေ ပိုထွက်လာလေဖြစ်တာကြောင့် ပွဲတွေကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။ ဘီလိယက်နဲ့ စနူကာအားကစားက လွယ်လွယ်လေးနဲ့ထိုးလို့မရဘူး။ သေချာစခန်းသွင်းလေ့ကျင့်ပြီးမှ ဆရာတွေကောင်းကောင်းနဲ့ လေ့ကျင့်မှ ပြိုင်ပွဲဝင်နိုင်တာပါ။ အဲဒါတောင် အချိန်အများကြီးပေးရတဲ့ အားကစားလည်းဖြစ်ပါတယ်။ ကျွန်တော်လည်း ဒီပြိုင်ပွဲဖို့ မြစ်ကြီးနားမှာ သုံးလလောက် အပြင်းအထန် လေ့ကျင့်ခဲ့ရတယ်။ အုပ်စုလည်းချောင်လို့ ဒီအဆင့်ထိရောက်ခဲ့တာပါ။ ရခိုင်၊ ပဲခူး စတဲ့အသင်းတွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။

**ကိုအေမီလွင်**
**အလေးမအားကစားနည်းပြ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခု ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ရှမ်းပြည်နယ်ကိုယ်စားပြု အလေးမအားကစားအသင်းအနေနဲ့ အောင်မြင်မှုရရှိဖို့အတွက် အလေးမအားကစားသမားတွေကို သုံးလလောက် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ အလေးမပြိုင်ပွဲမှာ အမျိုးသား အလေးမအားကစားသမား ငါးယောက်၊ အမျိုးသမီးကစားသမား နှစ်ယောက်နဲ့ ဝင်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြိုင်ဘက်ကစားသမားတွေက လူငယ်လက်ရွေးစင် အားကာ/သိပ္ပံကျောင်းက ကစားသမားတွေ၊ ကစားသမားဟောင်းတွေဖြစ်တာကြောင့် ဒီပြိုင်ပွဲမှာ ရှမ်းပြည်နယ် အလေးမအသင်းအနေနဲ့ ရွှေတံဆိပ်တစ်ခုပဲရပါတယ်။ ပြိုင်ပွဲဝင်အဆင့်ကတော့ နံပါတ်(၄)၊ နံပါတ်(၆) ဝင်ပါတယ်။ ရွှေတံဆိပ်ဆုကတော့ အမျိုးသား အလေးမပြိုင်ပွဲ ၈၁ ကီလိုတန်းက နေရခဲ့တာ ဖြစ်ပါတယ်။ အခုရွှေရတဲ့ ကစားသမားက ပြီးခဲ့တဲ့နှစ်က ကျင်းပတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲမှာလည်း ရှမ်းပြည်နယ်ကိုယ်စားပြု ရွှေတံဆိပ်ဆုရခဲ့ပါသေးတယ်။ ပြိုင်ပွဲကျင်းပပေးတဲ့အတွက် ကျွန်တော်တို့ Youth Camp အနေနဲ့လည်း ကစားသမားရွေးချယ်လို့ရတယ်။ ကစားသမားတွေရဲ့စိတ်ဓာတ်တွေလည်း တက်ကြွလာမှာဖြစ်ပါတယ်။

**မောင်ရဲထိုက်ဝေ**
**အမျိုးသားဘော်လီဘောပြိုင်ပွဲဝင်**
**အားကစားနှင့် လူငယ်ရေးရာ**
**ဝန်ကြီးဌာနကိုယ်စားပြု**

ဒီနေ့ ယှဉ်ပြိုင်ခဲ့တဲ့ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးကိုနိုင်ခဲ့လို့နောက်ဆုံးဗိုလ်လုပွဲမှာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒီဘော်လီဘောအားကစားကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးကတည်းက စကစားခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲအတွေ့အကြုံကတော့ လက်ရွေးစင်ကစားသမားတစ်ယောက်ဖြစ်တာကြောင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ကစားဖူးပါတယ်။ ဆီးဂိမ်းမှာတော့ အဆင့် (၅)၊ အဆင့် (၆) လောက်ပဲရပါတယ်။ ဆုတံဆိပ်တော့ မရဖူးသေးပါဘူး။ အခုပြိုင်ပွဲမှာ အခြားဝန်ကြီးဌာနအသင်းတွေက ဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။ အားကစားလုပ်ရတာကို ငယ်ငယ်လေးကတည်းက ဝါသနာပါခဲ့တာကြောင့် အခုဝူရှူးအားကစားကို သင်ယူလေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ ဝူးရှူးအားကစားနည်းကို ဆက်ပြီး လေ့လာသွားဦးမှာပါ။ အများကြီးလည်း ကြိုးစားသွားမှာပါ။ အခုလိုပြိုင်ပွဲတွေ နှစ်တိုင်း ကျင်းပပေးနိုင်ရင်တော့ ကစားသမားတွေအတွက် လေ့ကျင့်ပြီးသားဖြစ်တာပေါ့။ ကျင်းပပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ အားကစားအဆင့်အတန်းမြင့်မားဖို့ဆိုရင်တော့ အားကစားပြိုင်ပွဲရှိမှ ဖြစ်မှာပါ။

**ဦးကျော်သီဟ**
**ဝူရှူးအားကစားနည်းပြ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခုပြိုင်ပွဲက အဆင့်မြင့်တယ်၊ နိုင်ငံတကာပြိုင်ပွဲအဆင့်လောက်ရှိတဲ့အတွက် ဒီပြိုင်ပွဲ ဝင်ပြိုင်မယ့် ဝူရှူး အားကစားသမားတွေကို အနည်းဆုံး တစ်နှစ်လောက် လေ့ကျင့်ပေးခဲ့ပါတယ်။ ဝူရှူး (ထောက်လု)ပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးလည်း တော်တော်လေး ပြင်ဆင်လာတာတွေ့ရတယ်။

**မဇင်ဝေအောင်**
**အမျိုးသမီးဝူရှူး(ဆန်းဆို)**
**ပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

အခု အမျိုးသားအားကစားပွဲတော်မှာ ဝူရှူး(ဆန်းဆို)ပြိုင်ပွဲဝင်ပြိုင်ဖို့ ခြောက်လလောက်ကြာကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အရင်က မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝူရှူးအားကစားသမားအနေနဲ့ ဝင်ပြိုင်ခဲ့တာဖြစ်ပြီး ငွေတံဆိပ်ဆု အစားတစ်ခုကို တစ်ယောက်နှုန်း ကန့်သတ်ထားတဲ့အတွက် အမျိုးသားကစားသမားငါးဦး၊ အမျိုးသမီးကစားသမားငါးဦး ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ထောက်လုပြိုင်ပွဲမှာ အဓိကပြိုင်ပွဲကြီး သုံးခုရှိပါတယ်။ အခုပြိုင်ပွဲက ပြိုင်ပွဲအားကစား သမားတွေအတွက် စာမေးပွဲဖြေရသလိုပါပဲ။ ကိုယ့်ရဲ့အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာကို ပြသတဲ့ပြိုင်ပွဲလည်းဖြစ်ပါတယ်။ ပွဲတွေများများလုပ်မှ ကလေးတွေရဲ့ အားကစားအရည်အသွေး ဘယ်လောက်တိုးတက်လာတယ်ဆိုတာ သိရှိရမှာလည်း ဖြစ်ပါတယ်။

**မနန်းဇော်ထိပ်ထားအောင်**
**အမျိုးသမီးဝူရှူး(ထောက်လု)**
**ပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ဒီပြိုင်ပွဲဝင်ပြိုင်ဖို့ ရှမ်းပြည်နယ်တောင်ကြီးမှာ နှစ်လကျော်ကျော်လောက် နံနက်၊ ည နှစ်ချိန်စီခွဲပြီး လေ့ကျင့်ခဲ့ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ကျင်းပတဲ့ ပြိုင်ပွဲတွေမှာတော့ တစ်ခါမှဝင်ပြိုင်ဖူးတာ မရှိပေမယ့် ပြည်နယ်မှာ ကျင်းပတဲ့ပွဲတွေမှာတော့ ဝူရှူး(ထောက်လု) ပြိုင်ပွဲကို ဝင်ပြိုင်ပါတယ်။ အဲဒီတုန်းက အငယ်တန်းမှာ ဝင်ပြိုင်တာ ရွှေတစ်ခု၊ ကြေးနှစ်ခုရခဲ့ပါတယ်။ ပြိုင်ပွဲလုပ်ပေးတာ ကောင်းပါတယ်။ ပြိုင်ဘက်ကစားသမားတွေဆိုပေမယ့်သူတို့ရဲ့ကစားနည်း ကစားဟန်တွေကိုလည်း သိရတယ်။ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

## မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မိုးနဲ ဒီဇင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာကို စားသုံးဆီဖူလုံရေးနှင့် မိသားစုအပိုဝင်ငွေရရှိရေးတို့အတွက် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ နေကြာကို သီးထပ်၊ သီးညှပ်စိုက်ပျိုးကြသည့်အပြင် နေကြာတစ်မျိုးတည်းကိုလည်း စိုက်ပျိုးကြကြောင်း၊ ဆောင်းနေကြာကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကြဲပက်စိုက်ပျိုးပြီး သက်တမ်း လေးလကြာလျှင် ရိတ်သိမ်းကြကြောင်း သိရသည်။

မိုးနဲမြို့နယ်မှ တောင်သူများက ပဲပုပ်၊ မြေပဲတို့နှင့်အတူ ဆောင်းနေကြာကို သီးထပ်၊ သီးညှပ်အဖြစ်စိုက်ပျိုးကြပြီး မြို့နယ်အတွင်း ဆောင်းနေကြာ ၁၂၂ ဧကကျော် စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိုးနဲမြို့နယ်ရှိ ဝမ်းယေးကျေးရွာ၊ ပန်အူကျေးရွာ၊ နားခံကျေးရွာနှင့် ဆိုက်ဖယ်ကျေးရွာတို့၌ အများဆုံးစိုက်ပျိုးကြပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ တက်ရောက်



**စစ်တွေ ဒီဇင်ဘာ ၁၇**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကောဒသမတန်းနှင့် ဒွါဒသမတန်း ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာဖြစ်သင်တန်းတက်ရောက်ကြမည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကျင်းပရေး ဦးစီးကော်မတီနာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အခြေခံပညာကျောင်းများမှာ ဥပဒေဘာသာရပ်သင်ကြားရန် လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာအထက်တန်းအဆင့်ဖြစ်သည့် Grade – 11 ကောဒသမတန်းနှင့် Grade – 12 ဒွါဒသမတန်း ကျောင်းသား ကျောင်းသူများ အခြေခံဥပဒေပညာကို နားလည်တတ်ကျွမ်းစေရန်အတွက် ဘာသာရပ် ခုနစ်ခုကို အခြေခံပညာအထက်တန်းကျောင်းများတွင်ပို့ချသွားရန် စီမံခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းများသည် အခြေခံပညာကျောင်းများတွင် ဥပဒေပညာများပို့ချနိုင်သည့် ဆရာ ဆရာမများဖြစ်အောင် ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးက ၁၀ ရက်ကြာပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် သင်တန်းဆရာအဖြစ် ပြန်လည်ပြသရမည်ဖြစ်၍ ဂရုတစိုက် အလေးထားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်ကြမည့် ဆရာ ဆရာမများနှင့် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ စစ်တွေမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများမှ ဆရာ ဆရာမ ၇၅ ဦးတက်ရောက်ကြမည်ဖြစ်ပြီး စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဥပဒေပညာရှင်များက စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(မြောင်းမြ) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**ပုသိမ် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(မြောင်းမြ) မြကျွန်းရွှေဝါခန်းမ၌ ပြုလုပ်သည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွက် အားထားရပြီး အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များဖြစ်လာမည့် မောင်တို့မယ်တို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုဆိုဂုဏ်ပြုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးသည်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော တိုင်းဒေသကြီးဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးတွင် စံပြတိုင်းဒေသကြီးဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကသီးနှံကြီး ၁၀ မျိုး ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မောင်မယ်တို့သည် ခေတ်မီသည့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံသို့အရောက် ဖြန့်ဝေပေးကြရမည်ဖြစ်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး မြှင့်တင်ဆောင်ရွက်ပေးကြရမည့်သူများလည်း ဖြစ်ကြောင်း၊ မောင်မယ်တို့အနေဖြင့် ပညာသင်စဉ်ကာလတစ်လျှောက် ကျောင်းတော်ကြီးမှ ချမှတ်ထားသော စည်းကမ်းများကိုတိကျစွာလေးစားလိုက်နာကြပြီး ပညာထူးချွန်၍ နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ ဖြစ်လာစေရေး ကြိုးစားကြရန်လိုကြောင်း ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(မြောင်းမြ)သို့ ပထမနှစ်တွင် ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ ဟသ်ာတ၊ မြန်အောင်၊ ကျုံပျော်၊ လပွတ္တာ၊ ရန်ကုန်(မင်္ဂလာဒုံ)(ကွမ်းခြံကုန်း)၊ ပဲခူး(ကြို့ပင်ကောက်)တို့မှ ကျောင်းသား ကျောင်းသူ ၁၅၅ ဦး တက်ရောက်လျက်ရှိပြီး ဒုတိယနှစ်တွင် ကျောင်းသား ကျောင်းသူ ၉၉ ဦးနှင့် တတိယနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၆၄ ဦး စုစုပေါင်း ၄၁၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၄၀ | ၃၀၅၅ | ၃၀၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၇၅ | ၃၁၉၅ | ၃၁၁၀ | ၄၅၀၅ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၆၅ | ၃၂၃၀ | ၃၁၆၅ | ၃၂၇၀ | ၃၂၈၅ | ၃၃၀၅ | ၃၂၂၀ | ၄၅၆၀ | ၃၅၁၅ | ၃၂၄၀ | ၃၂၄၀ | ၃၃၁၀ | ၃၂၇၅ | ၃၃၀၀ | ၃၅၅၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၀ | ၂၆၆၀ | - | ၂၉၅၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၃၅ | ၂၉၉၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | ၄၈၃၀ | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |
| HSD (10 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | - | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၁ | ၂၉၆၂ |
| 95 Ron | ၂၉၇၇ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၃၀၃၅ | ၃၁၂၅ |
| HSD (10 ppm) | ၃၀၃၅ | ၃၁၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မင်းလှမြို့နယ်၌ မိုးစပါးရောမင်းစံကွက် ရိတ်သိမ်း

**အထက်မင်းလှ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ်(မြေအောက်ရေ)အသုံးပြု၍ ၂၀၂၄-၂၀၂၅ မိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါးရောမင်းစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ရုံးရပ်တောင်ပိုင်းရပ်ကွက်ရှိတောင်သူ ဦးပန်းမြိုင်၏စိုက်ကွက်၌ ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ ပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်သည်။ မိုးစပါးရောမင်းကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး စတင်စိုက်ပျိုးသည်မှ ရက်ပေါင်း ၁၃၅ ရက်အကြာတွင် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစို ၁၀၇ တင်း၊ အခြောက် ၉၇ တင်း ထွက်ရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**



# မြန်မာစာ မြန်မာစကားထဲက မတူတာလေးများ

အင်ကြင်းခိုင် (ရန်ကုန်တက္ကသိုလ်)

မြန်မာစာ မြန်မာစကားကို နေ့တိုင်းပြောဆိုနေကြပြီး နေ့တိုင်းရေးသားနေကြပါသည်။ ထိုသို့ ပြောဆိုရေးသားကြရာတွင် နေ့စဉ်သုံး ရုံးခန်းအမှာစာများ၊ အစည်းအဝေးဖိတ်စာများ၊ မှတ်တမ်းများက အသုံးတူသလိုလိုနှင့် မတူတာလေးများ ရှိကြောင်း သတိပြုမိပါသည်။

နေ့စဉ်သုံး ရုံးခန်းအမှာစာများ၊ အစည်းအဝေးဖိတ်စာများ၊ မှတ်တမ်းများတွင် **"ရက်စွဲ"** နှင့် **"နေ့စွဲ"** တို့ အလျဉ်းသင့်သလို တွေ့မြင်နေကြရပါသည်။

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသည့် မြန်မာအဘိဓာန်တွင်–

**ရက်စွဲ** – နှစ်၊ လ၊ ရက် အမှတ်အသားဟု အနက်ဖွင့်ဆိုထားသည်။

ထို့ကြောင့် ရက်စွဲသည် ခုနှစ်၊ လ၊ ရက်မှ **"ရက်"** ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်ပြီး "နေ့စွဲ" သည် တနင်္လာနေ့၊ အင်္ဂါနေ့ စသည့်နေ့ကို အစွဲပြု၍ခေါ်သော စကားဖြစ်သည်။

ရုံးစာများ၊ အမှာစာများ၊ အစည်းအဝေးဖိတ်စာများတွင် ခုနှစ်၊ လ၊ ရက်တို့ အဓိကထား၍ ဖော်ပြရသဖြင့် **"ရက်စွဲ"**ဟု သုံးစွဲခြင်းက ပိုမိုသင့်လျော်မည်ဟု ထင်ပါသည်။

ဆက်လက်၍ မြန်မာ့ရိုးရာပြက္ခဒိန်နှင့် **"မြန်မာသက္ကရာဇ်"** နှင့် **"ခရစ်နှစ်"** တို့ ရေးသားရာ၌ မတူညီပုံကို တင်ပြလိုပါသည်။ ရက်စွဲမှတ်တမ်းများ ဖော်ပြရာ၌ မြန်မာနှစ်ဖြင့် ဖော်ပြလိုပါက **"မြန်မာသက္ကရာဇ်"** ဟု ရေးသားပြီး မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်ဟု လည်းကောင်း၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဟု လည်းကောင်း ရေးသားရမည်ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် "ခုနှစ်" နှင့် "ပြည့်နှစ်" တို့ တူညီမှုမရှိပုံကို တင်ပြလိုပါသည်။ နှစ်တစ်ခုတွင် "ခု" ဂဏန်းဖြင့် ဆုံးပါက "ခုနှစ်"ဟု ဖော်ပြရေးသားရပြီး "ဆယ်ပြည့်" ဂဏန်းဖြင့် ဆုံးပါက "ပြည့်နှစ်"ဟု ဖော်ပြရသည်။ သာဓကအားဖြင့် ၂၀၁၀ ပြည့်နှစ်ဟု လည်းကောင်း၊ ၂၀၂၄ ခုနှစ်ဟု လည်းကောင်း ရေးသားရမည်ဖြစ်ပါသည်။

ထိုမှတစ်ဖန် "တာဝန်" နှင့် "ဝတ္တရား" ကို သုံးသပ်ကြည့်လိုပါသည်။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသည့် မြန်မာအဘိဓာန်တွင်–

**တာဝန်** – ဆောင်ရွက်ရန် အမှုကိစ္စ၊ ဝတ္တရား။

**ဝတ္တရား** – ဆောင်ရွက်အပ်သော အမှုကိစ္စ။ ဟု အနက်ဖွင့်ဆိုထားပါသည်။

ထို "တာဝန်"နှင့် "ဝတ္တရား" စကားလုံးနှစ်လုံး၏ အနက်ဖွင့်ဆိုထားပုံမှာ "တာဝန်"သည် "ဆောင်ရွက်ရန်အမှုကိစ္စ၊ ဝတ္တရား" ဟု အဓိပ္ပာယ်ရပြီး "ဝတ္တရား" သည် "ဆောင်ရွက်အပ်သော အမှုကိစ္စ"ဟူ၍ အနက်ရပါသည်။ "တာဝန်"သည် မဖြစ်မနေလုပ်ရသည့်သဘော "ဆောင်ရွက်ရန်" ဟု အဓိပ္ပာယ်သက်ဝင်ပြီး "ဝတ္တရား" သည် မည်သူကမျှ ခိုင်းစေခြင်းမရှိဘဲ မိမိသဘောအလျောက် အသိတရားရှိရှိဖြင့် လုပ်ဆောင်ခြင်းမျိုး ဖြစ်သည်။

မြန်မာစာ၊ မြန်မာစကားကို စနစ်တကျရေးပြီး မြန်မာစာမြန်မာစကားထဲက မတူတာလေးများ မှန်မှန်ကန်ကန်ရေးတတ်စေရန် မှားတတ်သော အမှားများကို သိထားရန်လိုအပ်၍ **"ရက်စွဲ၊ နေ့စွဲ၊ မြန်မာသက္ကရာဇ်၊ ခရစ်နှစ်၊ ခုနှစ်၊ ပြည့်နှစ်၊ တာဝန်၊ ဝတ္တရား"** တို့ကို ကွဲကွဲပြားပြားသိစေရန် ရည်ရွယ်ပြီး "ရက်စွဲ" ဟူသော စကားလုံးသည် ခုနှစ်၊ လ၊ ရက်မှ "ရက်" ကို အစွဲပြု၍ ရက်စွဲဟု လည်းကောင်း၊ "နေ့စွဲ" သည် ရက်သတ္တပတ်၏နေ့များဖြစ်သည့် တနင်္လာ၊ အင်္ဂါ စသည့်နေ့များကို အစွဲပြု၍ နေ့စွဲဟု လည်းကောင်း၊ မြန်မာနှစ်ဖြင့် ဖော်ပြလိုပါက "မြန်မာသက္ကရာဇ်"သုံးပြီး နိုင်ငံတကာသုံးနှစ်ကို ဖော်ပြလိုပါက "ခရစ်နှစ်"ဟူ၍ လည်းကောင်း၊ နှစ်တစ်ခုတွင် "ခု" ဂဏန်းဖြင့် ဆုံးပါက "ခုနှစ်" ဟူ၍ လည်းကောင်း၊ "ဆယ်ပြည့်" ဂဏန်းဖြင့် ဆုံးပါက "ပြည့်နှစ်" ဟု လည်းကောင်း၊ ဆောင်ရွက်ရန်အမှုကိစ္စကို "တာဝန်" ဟူ၍ လည်းကောင်း၊ ဆောင်ရွက်အပ်သောအမှုကိစ္စကို "ဝတ္တရား" ဟု လည်းကောင်း ရေးသားရမည်ကို ကွဲကွဲပြားပြား သိစေလို၍ ရေးသားရခြင်းဖြစ်သည်။

သို့ဖြစ်၍ မြန်မာစာမြန်မာစကား အခန်းကဏ္ဍတွင် စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးသည် အနက်အဓိပ္ပာယ်သိရှိရန် လိုအပ်သကဲ့သို့ သဒ္ဒါအသုံးအနှုန်း မှန်ကန်ရေးသည်လည်း အရေးပါပြီး မြန်မာစာမြန်မာစကားထဲက စကားလုံးသုံးစွဲမှုနှင့်ပတ်သက်၍ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရန် စကားလုံးတို့၏ အနက်အဓိပ္ပာယ် သိရှိရန်လိုအပ်သကဲ့သို့ မြန်မာစာမြန်မာစကားထဲက မတူတာလေးများ သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ။

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကော့သောင်းမြို့နယ်၌ Solar နည်းပညာဖြင့် ၁၀ မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်း ကြည့်ရှု

**ကော့သောင်း ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာအုပ်စု ပါဆယ်ပါညန်းကြေးတိုင်ပြင်ကွင်း၊ ကွင်းအမှတ်(၂၀/OSS)၊ မြေကွက်အမှတ်(N- ၃၁၃)၊ မြေဧရိယာ(၃၇ ဒသမ ၂၃)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Solar နည်းပညာဖြင့် ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း လုပ်ငန်းနေရာသို့ သွားရောက်ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရန်နှင့် စဉ်ဆက်မပြတ်လျှပ်စစ်ဓာတ်အားရရှိစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ကျစေရန် ရည်ရွယ်၍ အဆိုပါ Solar နည်းပညာဖြင့် ၁၀ မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းတွင် အအေးခန်းစက်ရုံနှင့် ရေခဲစက်များ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ပြီး Southern Coastline Group Co.,Ltd. က ၂၀၂၃ ခုနှစ် မတ်လတွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြပြီး ၂၀၂၅ ခုနှစ် မတ်လတွင် ပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်(လဝက)ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများ ပန်းခင်းစီမံချက်(၃)ဖြင့် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးစဉ်။

ကိုကျော် (သုံးခွ)

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) မြန်မာ့ရိုးရာသိုင်းပညာ အခြေခံသင်တန်းအမှတ်စဉ်(၄) ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့ရိုးရာသိုင်းပညာ အခြေခံများ တတ်မြောက်စေရန် ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ မြန်မာ့ရိုးရာ သိုင်းပညာအခြေခံသင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားသို့ ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာ့ရိုးရာ သိုင်းပညာ အခြေခံသင်တန်း အမှတ်စဉ်(၄)ကို ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မွန်ပြည်နယ် ရော်ဘာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတက်ရောက်

**မော်လမြိုင် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာနိုင်ငံ၏ အဓိကစက်မှုကုန်ကြမ်း ထွက်ကုန်တစ်ခုဖြစ်သည့်ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ "ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကူညီကြိုးစားစို့" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် မွန်ပြည်နယ် ရော်ဘာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ရာမညဟိုတယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်ရော်ဘာလုပ်ငန်းရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးဧက ငါးသိန်းကျော်တွင် အစေးခြစ်ဧက သုံးသိန်းကျော်ရှိပြီး ရော်ဘာစိုက်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းမှာ လုပ်ကွက်ငယ်ခြံငယ်ရှင်များဖြစ်ကာ ခြံလတ်၊ ခြံကြီးနှင့်ကုမ္ပဏီစိုက်ခင်းများအနေဖြင့် ၁၀ ရာခိုင်နှုန်းအောက် စိုက်ပျိုးထားကြောင်း၊ မွန်ပြည်နယ်တွင် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန်အပြင် တန်ဖိုးမြှင့် ထုတ်ကုန်များ (Value Added Products) တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရော်ဘာပင်အိုများအား ခုတ်လှဲပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ရော်ဘာသစ်၊ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သား လုပ်ငန်းများလည်း ထုတ်လုပ်လျက် ရှိကြောင်းနှင့် မွန်ပြည်နယ်အတွင်း ရော်ဘာသစ်ခွဲသား/ သစ်ပါးလွှာ စက်ရုံ ၂၃ ရုံရှိပြီး ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် ရော်ဘာသစ်ခွဲသား/ သစ်ပါးလွှာ ၂၂၉၀၆၁ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ RSS-1 ကဲ့သို့ မှိုင်းခံရော်ဘာများကို Export တင်ပို့နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း ရော်ဘာများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း လွတ်လပ်စွာ သယ်ယူရောင်းချနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများက လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပြုပြင်ထုတ်လုပ်တင်ပို့သူများက ဆောင်ရွက်ရမည့် အချက်များကို ပြည်နယ်အကျိုးအတွက် ရှေးရှုပြီး အလေးထားလိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုတယ်ဝင်းအတွင်း ခင်းကျင်းပြသထားသည့် သဘာဝမြေသြဇာများ၊ ဓာတ်မြေသြဇာများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် ရော်ဘာသစ်၊ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သားများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ပဲခူးမြို့၌ ကြိမ်၊ ဝါး အခြေခံလက်မှုထည် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းအထောက်အကူပြု လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းနည်းပြအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် သင်တန်းနည်းပြတစ်ဦးက ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှုနှင့် သင်ကြားပေးမည့် သင်တန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက သင်တန်းတွင် သင်ကြားပေးမည့် လက်မှုအသုံးအဆောင်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် MSME လုပ်ငန်းများ တိုးပွားလာစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၁၃၉ ကြိမ်၊ သင်တန်းသား သင်တန်းသူ ၂၃၇၈ ဦးအား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်း ဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ ကျောင်းအခြေပြု တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်း လုပ်ငန်းအစီအစဉ်အရ တီဘီရောဂါ စစ်ဆေးရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်က အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ဦးဆောင်၍ လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသိပညာပေးဟောပြော**

တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ဦးဆောင်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်တီဘီရောဂါ တိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းပြီး School Based TB-ACF ကျောင်းအခြေပြု တီဘီရောဂါ ရှာဖွေဖော်ထုတ်ခြင်းအစီအစဉ်၌ Grade-4 မူလတန်းထက်ဆင့် ကျောင်းသား ကျောင်းသူ ၃၃၆ ဦးအား တီဘီရောဂါ သတိပြုကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**တီဘီရောဂါစစ်ဆေးပေး**

အဆိုပါ လုပ်ငန်းအစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား တီဘီရောဂါ စစ်ဆေးပေးခြင်းကို မော်လမြိုင် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအားလုံး၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# မုဒုံမြို့၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေဖော်ထုတ်ခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်



**မုဒုံ ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါ လူနာရှာဖွေကုသခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းကို ယနေ့မွန်းလွဲ ၁ နာရီက အထက (၂) ပညာရတနာခန်းမ၌ ပြုလုပ်သည်။

**တိုးချဲ့ဆောင်ရွက်**

ဦးစွာ မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနိုင်က ကလေးတီဘီလူနာများအား ဆောလျင်စွာရှာဖွေကုသပေးခြင်းဖြင့် ကလေးတီဘီရောဂါဖြစ်ပွားနှုန်း၊ သေဆုံးနှုန်းကျဆင်းစေရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် တီဘီရောဂါအကြောင်း၊ တီဘီရောဂါရှာဖွေဖော်ထုတ်ကုသမှုတို့ကို သိရှိနားလည်စေရန် ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းကို စီမံချက်အသွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၂၇၂ ဦးကို စမ်းသပ်စစ်ဆေးရာ သလိပ်စစ်၊ ဓာတ်မှန်ရိုက်စစ်ဆေးရန်လိုအပ်သည့် ၂၀ ကို မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနသို့ လွှဲပြောင်း၍ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စိတ်လက်နက်

ပီမိုးနင်း

စိတ်သည် လူ၌ ဘာကိုမဆို ဖြစ်စေနိုင်သော လက်နက်ဖြစ်လေသည်။ အသင်သည် ထိုလက်နက် ပိုင်ရှင်ပေတည်း။

ထိုအကြောင်းကို သိရုံမျှနှင့်မပြီး၊ အသိပိုင်လျက် တကယ်ယုံကြည်အောင် နေ့စဉ် စဉ်းစား၊ ငါ၏စိတ်သည် ဘာမဆိုဖြစ်အောင်လုပ်နိုင်သော လက်နက်ဖြစ်သည်ဟူသောစကားကို နေ့စဉ် အားလပ်သည့်အခါတိုင်း ထင်ထင်မြင်မြင် ရွတ်ဆိုရမည်။

ထိုကဲ့သို့ ရွတ်ဆိုဖန်များသောအခါ အသိပိုင်လျက် ယုံကြည်သောစိတ်သည် ပိုမိုထက်သန်၍လာလိမ့်မည်။ ထိုအခါ ၎င်းစိတ်သည် အမှန်တကယ် တန်ခိုးကြီးလျက် (လိုတရ)ဟူသော ကလ္ပဿသယလက်နက်ကြီးဖြစ်၍လာလေသည်။

အသင်၏သန္တန်ရှိ လိုရာကိုဖြစ်စေနိုင်သော အာလာဒင်၏ မီးအိမ်သည်ရှိ၏။ ထိုမီးအိမ်သည် အသင်၏စိတ်ပင် ဖြစ်လေသည်။

စိတ်သည် တန်ခိုးကြီးသော လူ၏အမြဲတေဖြစ်၏။ ထိုအမြဲတေခဲတ်ကို မြတ်စွာဘုရားသခင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးမှ ရတော်မူလေသည်။

ဤလောကခဲတ်ကြီးတစ်ခုလုံးကို တည်ထောင်ပြုပြင် ဖန်တီးတိုးတက်စေသောလက်နက်သည် သတ္တဝါအားလုံးတို့၏ စိတ်ဖြစ်လေရာ အသင်သည် အသိကြီး ထိုဉာဏ်တော်ကြီးနှင့် တစ်ဆက်တည်းဖြစ်လေသည်။ လောကခဲတ်ကြီးကို ဖြစ်ထွန်းတိုးတက်ခြင်းကိုဖြစ်စေသော ထိုစိတ်၊ ထိုဉာဏ်၏ အဆုံးမရှိသောတန်ခိုးသည် အသင်၏ တန်ခိုးသတ္တိမရှိဘဲ အသင်တည်းဟူသော အံ့ဖွယ်ရာကြီးသည် ထင်ရှားစွာရှိနေနိုင်ပါမည်လား။

လောက၌ သူ၏အစွမ်းဖြင့် ဖြစ်မြောက်ပေါ်ရှိနေသော အရာဟူသမျှသည် ရှေးဦးပထမ လူ၏စိတ်၌ရှိ၏။ ထိုစိတ်ထဲမှ ၎င်းအရာတို့သည် ဖြစ်ပေါ်၍လာကြလေသည်။ ဝိုင်ယာလက်၊ ရေဒီယို၊ လေယာဉ်ပျံ၊ စက်သေနတ် စသည်တို့သည် လူ၏စိတ်အတွင်းမှ တိုက်ရိုက်ထွက်ပေါ်၍ လာကြလေသည်။

အကယ်၍ ကျွန်ုပ်တို့ထက် များစွာကြီးကျယ်သော သတ္တဝါကြီးတစ်မျိုးမျိုးသည် ကျွန်ုပ်တို့ကို မှန်ဘီလူးဖြင့်ကြည့်ကာ ကျွန်ုပ်တို့၏အကြောင်းကို သင်ကြားမှတ်သားကြချေက လူဟုခေါ်သော ပိုးကောင်၏ကိုယ်မှ မော်တော်ကား၊ သင်္ဘော၊ ဝိုင်ယာလက်၊ လေယာဉ်ပျံတွေ ထွက်ပေါ်ကြ၏။ ၎င်းသတ္တဝါတည်းဟူသော ပိုးမှာ ထိုအရာများကို ဖြစ်စေသော ခဲတ်တစ်မျိုးရှိ၏ဟု တွေးခေါ်ရေးသားကာ ၎င်းတို့၏ လောကခဲတ်ကျမ်းများ၌ ဖော်ပြပေလိမ့်မည်။ ထိုသို့တွေးခေါ်ယူခြင်းသည် မှားလိမ့်မည်မဟုတ်ပေ။ အကြောင်းမူကား လူ၌ တန်ခိုးသည် အရှိန်ရှိ၏။ ယင်းတန်ခိုးသည်ကား လူ၏စိတ်ပေတည်း။

ထိုတန်ခိုးသည် လူတိုင်းမှာ ရှိ၏။ သို့သော်လည်း ထိုတန်ခိုးကို တကယ်ထင်အောင်မြင်အောင် ကြည့်တတ်၍ တကယ်ယုံကြည်ကိုးစားလျက် တကယ်ထင်ရှားအောင် အသုံးပြုသူတို့မှာကား နည်းပါးကြလေသည်။ တကယ်ယုံကြည်၍ တကယ်အသုံးပြုလျက် ထိုစိတ်လက်နက်ကို အမြဲတကယ် အသုံးပြုသောပုဂ္ဂိုလ်တို့သည် ကမ္ဘာ့ရာဇဝင်၌ ထင်ရှားသူများ ဖြစ်ကြလေသည်။

သံသည် လွန်စွာမာ၏။ လူ၏စိတ်သည် ထိုသံကို အရည်ဖြစ်စေပြီးနောက် သဏ္ဌာန်အမျိုးမျိုးသို့ ပြောင်းလျက် အသက်ကိုသွင်းခိုင်းလေသည်။ ဆင်၊ ကျား၊ ခြင်္သေ့သည် လွန်စွာကြောက်မက်ဖွယ်ကောင်းလေသည်။ လူ၏စိတ်သည် ထိုရန်သူများကို မဟာမိတ်ဖြစ်စေလျက် စေခိုင်းနိုင်၏။ မီး၊ ရေ၊ လေ၊ မြေတို့သည် လူ၏စိတ်စေခိုင်းရာကို ကျိုးနွံစွာ ခံစားကြလျက် အကျိုးကို ဆောင်ကြရလေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာကို ငါဖြစ်အောင် လုပ်မည်ဟုကြံ၊ ထိုအရာကို ထင်မြင်၊ ငါ၏ စိတ်လက်နက်ဖြင့် ထိုအရာကိုဖြစ်စေမည်ဟု ယုံကြည်၍ နည်းလမ်းရှိသမျှကို အသုံးပြုက ဖြစ်စေရမည်သာတည်း။ ။

# ဒေါ်လာတစ်သန်းနဲ့ လဲမလား

ခင်မောင်ညို (ဘောဂဗေဒ)

ဟာရီးအက်ဘော့နှင့် ကျွန်တော် သိကျွမ်းသည်မှာ နှစ်ပေါင်းများစွာ ကြာပါပြီ။ တစ်ခါတုန်းက သူသည် မစ်ဆူရီပြည်နယ် ဝက်စီးတီးမြို့၌ နေထိုင်ခဲ့သည်။ ကျွန်တော်၏ ဟောပြောပွဲမန်နေဂျာလည်း လုပ်ဖူးသည်။ တစ်ရက်တွင် ကင်းဆပ်စ်စီးတီးမြို့၌ သူနှင့် ကျွန်တော် တွေ့ကြသောအခါ မစ်ဆူရီပြည်နယ် ဘယ်လ်တွန်ရှိ ကျွန်တော်၏ လယ်တောသို့ ကားမောင်း၍ လိုက်ပို့သည်။ လမ်းခရီး၌ သူ ဘာလို့ အပူအပင်ကင်းရသလဲဟု ကျွန်တော်က မေးသည်။ သူ့ဇာတ်လမ်းမှာ အလွန်စိတ်ဝင်စားစရာကောင်းလှသည်။ ဘယ်သောအခါမျှ မေ့နိုင်စရာမရှိ။

"တစ်ခါတုန်းကတော့ ကျွန်တော်ဟာ သိပ်သောကများခဲ့တဲ့ သူတစ်ယောက်ပေါ့ဗျာ။ ဒါပေမဲ့ ၁၉၃၄ ခုနှစ် နွေဦးရဲ့ ရက်တစ်ရက်ဟာ ကျွန်တော့်ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေခဲ့တော့တာပဲ။ အဲဒီတုန်းက ကျွန်တော်ဟာ ဝက်စီးတီးမြို့က ဒူဂါတီအနောက် လမ်းတစ်လျှောက် လမ်းလျှောက်ဆင်းလာတယ်။ မြင်ကွင်းလေးတစ်ခုကို မြင်လိုက်တာနဲ့ ကျွန်တော့်ဘဝ ပြောင်းပြန်ဖြစ်သွားတာပဲ။ ၁၀ စက္ကန့်လောက်အတွင်းမှာကို ဖြစ်သွားတာ။ အဲဒီ ၁၀ စက္ကန့်အတွင်း ရလိုက်တဲ့ သင်ခန်းစာဟာ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း ရခဲ့တဲ့သင်ခန်းစာထက် အများကြီး ကြီးကျယ်လှပါပေတယ်။

"ကျွန်တော် ဝက်မြို့မှာ ကုန်စုံဆိုင်ဖွင့်တာ နှစ်နှစ်လောက်လည်း ကြာရော ရှိရှိသမျှ အကုန်ကုန်တော့တာပဲ။ စုဆောင်းထားတဲ့ ရှိစုမဲ့စု ငွေလေး ကုန်သွားရုံတောင်မကဘူး။ အကြွေးပါ တင်လိုက်သေးတယ်။ အဲဒီအကြွေးကလည်း ခုနစ်နှစ်လောက် ဆပ်ယူရမယ့်အကြွေးဆိုတော့ ဘယ်နည်းလိမ့်မလဲ။ ကျွန်တော့်ကုန်စုံဆိုင်ကို အရင်စနေနေ့ကပဲ ပိတ်လိုက်ရတယ်။ ဒါနဲ့ ကုန်သည်နဲ့ သတ္တုတူးသမားများ ဘဏ်ကို သွားပြီး ငွေချေးမလို့။ ဘဏ်က ငွေချေးလို့ရရင် ကင်းဆပ်စ်စီးတီးမြို့ကို သွားမယ်။ အဲဒီမှာ အလုပ်ရှာမယ်ပေါ့။ ကျွန်တော် လမ်းလျှောက်ပုံကိုက ခြေမသယ်ချင်၊ လက်မသယ်ချင်နဲ့ အရုပ်ကြိုးပြတ်လို ဖြစ်နေတော့တာပေါ့။ ရုန်းချင်ကန်ချင် ကြိုးစားချင်စိတ်လည်း မရှိတော့ဘူး။ ယုံကြည်ချက်တွေလည်း ပျက်ပြယ်လို့ပေါ့။

"အဲဒီလိုနေတုန်း ရုတ်တရက်ပဲ ခြေထောက်မပါတဲ့ လူတစ်ယောက် လိမ့်ဆင်းလာတာကို ဘွားခနဲတွေ့လိုက်ရတယ်။ သူက သစ်သားခုံလေး တစ်ခုံပေါ် ထိုင်လို့။ စကိတ်တစ်ခုက ဖြုတ်ထားပုံရတဲ့ဘီးတွေကို အဲဒီခုံလေးမှာ တပ်ထားတယ်။ လက်တစ်ဖက်မှာ သစ်သားတုံးတစ်တုံးစီကိုင်ပြီး တွန်းသွားရရှာတယ်။ လမ်းအကူး ကျွန်တော်နဲ့ ဖျတ်ခနဲ ဆုံလိုက်ခြင်း ဖြစ်တယ်။ ကားလမ်းပေါ်ကနေ လမ်းဘေးပလက်ဖောင်းပေါ်ရောက်အောင် သူ့ကိုယ်သူ မလိုက်သေးတယ်။

"သူ့သစ်သားလှည်းလေးကို ချိုးအကွေ့မှာ ကျွန်တော်နဲ့ အကြည့်ချင်းဆုံမိသွားကြတယ်။ သူက ကျွန်တော့်ကို အားရပါးရရယ်ပြုံးပြပြီး "မင်္ဂလာနံနက်ခင်းပါခင်ဗျာ၊ ဒီနေ့ သိပ်သာယာတာပဲနော်"လို့ နှုတ်ဆက်လိုက်သေးတယ်။ ဒီလူကလေ ဟန်ဆောင်မှုမပါဘဲ တကယ့်ကို စိတ်လိုလက်ရချည်း နှုတ်ဆက်နေတာ။

"သူ့ကို မြင်လိုက်တော့မှ ကျွန်တော် ဘယ်လောက်ချမ်းသာတယ်ဆိုတာ သဘောပေါက်သွားတယ်။ ကျွန်တော့်မှာ ခြေထောက်နှစ်ချောင်း ရှိတယ်။ လမ်းကောင်းကောင်းလျှောက်နိုင်တယ်။ ဒါနဲ့တောင် ကျွန်တော့်ကိုယ်ကျွန်တော် သနားနေမိတဲ့အတွက် တော်တော်ရှက်သွားတယ်။ ခြေထောက်မပါတဲ့သူတောင်မှ ပျော်ရွှင်နေသေးတယ်၊ သူ့ကိုယ်သူ ယုံကြည်နေသေးတယ်ဆိုရင် ခြေထောက်နှစ်ဖက်ရှိနေတဲ့ ကျွန်တော်က ဘာကြောင့် မပျော်ရွှင်နိုင်ရမှာလဲ။ ဘာလို့ ယုံကြည်မှုတွေ လျော့ပါးနေရမှာလဲ။ ချက်ချင်းပဲ ကျွန်တော့်ရင်တွေ အလိုလိုကော့လာတော့တယ်။

"အရင်တုန်းက ဘဏ်ကနေ ဒေါ်လာ တစ်ရာလောက်ချေးမလို့ပဲ။ အခုတော့ နှစ်ရာချေးရဲတဲ့သတ္တိရှိလာတယ်။ ဟိုတုန်းက ငွေချေးတဲ့အခါ အလုပ်သွားရှာဖို့ ချေးတာလို့ ပြောမယ်စိတ်ကူးထားခဲ့တယ်။ အခုတော့ အလုပ်သွားလုပ်ဖို့လို့ ပြောလိုက်တယ်။ ကျွန်တော်လိုချင်တဲ့ချေးငွေလည်းရတယ်။

"အခုဆို ကျွန်တော် ရေချိုးခန်းထဲကမှန်မှာ စာတန်းတစ်ခု ကပ်ထားတယ်။ ကျွန်တော် မုတ်ဆိတ်ရိတ်တိုင်း အဲဒီစာကို ဖတ်တယ်။

**"ဖိနပ်မရှိလို့ စိတ်ညစ်နေတဲ့အချိန်**
**လမ်းပေါ်မှာက ခြေထောက်တောင် မရှိတဲ့သူ**
**တွေ့ရတယ်"**

တစ်ခါတုန်းကလည်း အက်ဒီရစ်ကင်ဗက်ကားနှင့် ဆုံဖူးသည်။ သူသည် သင်္ဘောပျက်ပြီး ဖောင်ငယ်လေးတစ်ခုပေါ်၌ သူ၏အဖော်များနှင့်အတူ ပစိဖိတ်သမုဒ္ဒရာထဲ၌ ၂၁ ရက်ကြာ မျောနေဖူးသည်။ မျှော်လင့်ချက်ဆိုသည်မှာ သူတို့အတွက် အရိပ်အယောင်မျှပင်မရှိ။ ကျွန်တော်က "အဲဒီအချိန်တုန်းက ခင်ဗျား ဘာသင်ခန်းစာရခဲ့သလဲ ဆိုတာ ပြောပြစမ်းပါ"ဟု မေးသည်။

သူက **သောက်ချင်ရင် သောက်စရာရေချိုတစ်ပေါက်နဲ့ စားချင်ရင် စားစရာရှိနေသမျှ မင်းဘာမျှ ညည်းတွားနေစရာမရှိဘူးတဲ့**။

တစ်ခါက "တိုင်းမ်" မဂ္ဂဇင်း၌ ဂါဒယ်လ်ကန်နယ်လ်တွင် လည်ပင်း၌ ဗုံးဆန်မှန်၍ သွေးခုနစ်ခါသွင်းရသော တပ်ကြပ်တစ်ယောက်အကြောင်းကို ဖော်ပြဖူးသည်။ သူက သူ့ဆရာဝန်ကို စာရေး၍ မေးသည်။ ထိုအချိန်က စကားပြော၍မရ။ "ကျွန်တော် အသက်ရှင်မှာလား"။ ဆရာဝန်က "ဟုတ်တယ်" ဟု ပြောသည်။ ထိုတပ်ကြပ်ကြီးက ထပ်မေးသည်။ "ကျွန်တော် စကားပြောနိုင်မှာလား"ဆရာဝန်က " သေသေချာချာကြီးကို ပြောနိုင်မှာပေါ့"ဟု ဖြေသည်။ ထိုအခါ သူက စာတစ်ကြောင်း ထပ်ရေးပြသည်။ "ဒီလိုဆို ကျွန်တော် ဘာသောကပွားနေစရာလိုသေးသလဲ"

သင်လည်းပဲ **"ငါ ဘာပူစရာရှိသလဲ"**လို့ တွေးကြည့်လိုက်စမ်းပါ။ သင်ပူနေသောကိစ္စတွေမှာ အရေးမပါ၊ အကြောင်းမဟုတ်သောကိစ္စတွေမျှသာဖြစ်သည်။

ကျွန်တော်တို့ဘဝတွင် တွေ့ကြုံနေရသမျှကိစ္စများ၏ ၉၀ ရာခိုင်နှုန်းသည် မှန်ပြီး ၁၀ ရာခိုင်နှုန်းသာ အမှားအယွင်းရှိသည်။ **ပျော်ပျော်ရွှင်ရွှင်နေချင်လျှင် မှန်ကန်ကောင်းမွန်သည့်ကိစ္စ ၉၀ ရာခိုင်နှုန်းကိုသာ အာရုံစိုက်ပြီး အမှားအယွင်း ၁၀ ရာခိုင်နှုန်းလောက်ကို ခေါက်ထားသင့်သည်**။ ဒီလိုမှမဟုတ်ဘဲ သောကများချင်၊ ဘဝကို ခါးသီးနာကျင်ချင်၊ အစာအိမ်ရောဂါဖြစ်ချင်လျှင် အမှားအယွင်း ၁၀ ရာခိုင်နှုန်းကို ခေါင်းထဲထည့်ထားပြီး အမှန်အကန် ၉၀ ရာခိုင်နှုန်းကို ဥပေက္ခာပြုထားပါ။

**"တွေးပါ၊ ကျေးဇူးတင်ပါ"** ဟူသော စာတန်းကို အင်္ဂလန်ရှိ ကရွမ်းဝဲလ် ဘုရားရှိခိုးကျောင်းများ၌ ထွင်းထုထားသည်။ ထိုစာတန်းကို ကျွန်တော်တို့၏ နှလုံးသားများထဲ၌လည်း ရေးထိုးထားဖို့ကောင်းသည်။ ကျေးဇူးတင်ရမည့်ပုဂ္ဂိုလ်များ၊ အရာများကိုတွေးတောပြီး ကျေးဇူးတင်ဖို့၊ ကျေးဇူးသိဖို့ ကောင်းသည်။

**"ဂါလီဗာခရီးစဉ်"** စာအုပ်ကို ရေးသားသော ဂျိုနသန်ဆွစ်ဖ်သည် အင်္ဂလိပ်စာပေလောက၌ အဆိုးအမြင်ဆုံး စာရေးဆရာတစ်ယောက် ဖြစ်သည်။ လူဖြစ်လာရတာကအစ အမည်းရောင်အဝတ်အစား ဝတ်ရတာ၊ သူ့မွေးနေ့များတွင် ဥပုသ်စောင့်ရတာအဆုံး စိတ်ညစ်တတ်သည်။ စိတ်ညစ်နေသည့်ကြားကပဲ ပျော်ရွှင်မှု၊ ကျန်းမာမှုတို့ကို ဖန်တီးပေးသည့် စွမ်းအားကြီးများကို ချီးကျူးခဲ့သေးသည်။ သူ့အဆိုအရဆိုလျှင် ကမ္ဘာပေါ်၌ အကောင်းဆုံးသော ဆရာဝန်သုံးဦးမှာ "ဒေါက်တာ အစားအစာ၊ ဒေါက်တာဆိတ်ငြိမ်မှုနှင့် ဒေါက်တာပျော်ရွှင်မှု"တို့ဖြစ်သည်ဟု ဆိုခဲ့သေးသည်။*

ကျွန်တော်တို့သည် ဒေါက်တာဦးပျော်ရွှင်ထံမှ ဆေးကုသမှုကို နေ့စဉ် နေ့တိုင်း အခမဲ့ရနိုင်သည်။ ပုံပြင်ထဲက အလီဘာဘာ ချမ်းသာသည်ထက်ပင် ပိုလျှံနေသော ကျွန်တော်တို့ကြွယ်ဝချမ်းသာသမျှ ဥစ္စာခဲနေများအပေါ် အာရုံပြုနေဖို့ကောင်းသည်။ သင်၏ မျက်စိနှစ်လုံးကို ဒေါ်လာသန်းတစ်ထောင်ရရင် ရောင်းမှာလား၊ ခြေနှစ်ချောင်းကို ဘယ်လောက်နဲ့ ရောင်းမလဲ၊ လက်နှစ်ချောင်းကိုရော၊ မျက်စိနှစ်လုံးက ဘယ်ဈေးလဲ၊ ကလေးတွေကိုရောရောင်းမှာပဲလား၊ မိသားစုကို ဘယ်ဈေးပေးရမလဲ။

သင်ပိုင်သမျှ အားလုံးပေါင်းကြည့်လိုက်စမ်းပါ။ ကမ္ဘာကျော်သူဌေးကြီးများဖြစ်သည့် ရောက်ဖဲလား၊ ဖို့ဒ်နှင့် မော်ဂန်တို့ သုံးယောက်ပိုင်သမျှ ရတနာအဖြာဖြာ ပေါင်းလိုက်လျှင် သင်ချမ်းသာသမျှကို မမီနိုင်သေးပါ။

ကိုယ်ဘယ်လောက်ချမ်းသာတယ်ဆိုတာ ကိုယ့်ဘာသာကိုယ်သိကြရဲ့လား။ ကိုယ်ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေကို ဂရုစိုက်ကြ၊ တန်ဖိုးထားကြပါရဲ့လား။ တန်ဖိုးသိကြ၊ တန်ဖိုးထားကြမည်မထင်ပါ။ ဂျာမန်တွေးခေါ်ရှင် ရှိုပင်ဟောင်ဝါ ပြောသလိုဖြစ်နေကြသည်။ သူက **"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မှာရှိသည့် ဥစ္စာပစ္စည်းများအကြောင်းကို မတွေး၊ မရှိတာတွေကိုသာ တွေးနေကြသည်"**ဟု ဆိုဖူးသည်။ ဤအကျင့်သည် အဆိုးဆုံးအကျင့်တစ်ခုဖြစ်သည်။ ဤအကျင့်သည် သမိုင်းကြောင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သမျှသော စစ်ပွဲများ၊ ရောဂါများထက်ပင် ဒုက္ခပေးလှသည်။

ထိုအကျင့်ကပင် ဂျွန်ပါးလ်မားဆိုသည့်လူငယ်ကို နေ့ချင်းညချင်း အိုမင်းမစွမ်းဖြစ်အောင် အိုးမဲ့အိမ်မဲ့ဖြစ်လုနီးနီး လုပ်ခဲ့ခြင်းဖြစ်သည်။

မစ္စတာပါးလ်မားသည် နယူးဂျာဆီပြည်နယ် ပက်တာဆင်တွင် နေထိုင်သည်။ စစ်မှုထမ်းရာက ပြန်လာပြီးနောက် မကြာမီမှာပဲ ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်သည်။ နေ့ညမနား ကြိုးစားပမ်းစား အလုပ်လုပ်သည်။ အစတုန်းကတော့ အကောင်းသား။ မကြာမီ ဖောက်လာတော့သည်။ လိုအပ်သည့် ကုန်ကြမ်းနှင့် အပိုပစ္စည်းများက ဝယ်မရ။ ထိုအခါ လုပ်ငန်းကို ဆုံးရှုံးမှာစိုးသည့် သောကဖိစီးသဖြင့် အဘိုးကြီးတစ်ယောက်လိုဖြစ်သွားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရိုးပြတ်ကျန် မိုးစပါးစိုက်ကွင်းများအတွင်း လယ်သီးထပ်ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၇**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း စားဆီဖူလုံရေးအတွက် သီးထပ်စိုက်စွမ်းအား ၂၀၀ ရာခိုင်နှုန်း ရရှိစေခြင်းဖြင့် ဆီဖူလုံမှု ၁၀၀ ရာခိုင်နှုန်းရရှိစေရေး ဦးတည်ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ လယ်သီးထပ်ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးတောင်သူအသိပေးဆွေးနွေးပွဲနှင့် ထယ်ရေးထွန်ယက်ပွဲကို တက်ရောက် ကြည့်ရှုအားပေးကြသည်။



ဦးစွာ မိုးစပါးရိတ်သိမ်းပြီး လယ်များတွင် သီးထပ်ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေး ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိုးစပါးရိတ်သိမ်းပြီး ရိုးပြတ်ကျန်လယ်များတွင် လယ်သီးထပ်ဆောင်းသီးနှံအဖြစ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိမိတို့ ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည့် သွင်းအားစုများ၊ ဌာနဆိုင်ရာများအနေဖြင့်လည်း စိုက်ပျိုးနည်းပညာများကို ပံ့ပိုးကူညီမှုပေးသွားမည် ဖြစ်သည့်အတွက် ယနေ့တောင်သူများအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ကြိုးစားပေးကြရန် အလေးအနက်ထား တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများက လယ်သီးထပ်ဆောင်းသီးနှံ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် ပေါင်းစပ်ချိတ်ဆက်ကူညီပေးနိုင်သည့် ကိစ္စရပ်များကို အသိပေးရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသည့် မိုးစပါးစိုက်တောင်သူများက ၎င်းတို့၏ လယ်များအတွင်း ဆောင်းသီးထပ် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများ အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ထယ်ရေးအချိန်မီ ထွန်ယက်ပေးနိုင်ရေး၊ ချောင်းရေ၊ မြေအောက်ရေမှ တစ်ဆင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး သီးထပ်စိုက်ပျိုးမည့် တောင်သူများအတွက် ရေဆင်း(၃)စပ်မျိုးနေကြာမျိုးစေ့အိတ်များ၊ ရေဆင်း(၅) ပဲပုပ်မျိုးစေ့ အိတ်များနှင့် သဘာဝ မြေဩဇာအိတ်များကို ပံ့ပိုးပေးအပ်သည်။

ထို့နောက် မိုးစပါးရိတ်သိမ်းပြီး ရိုးပြတ်ကျန်လယ်၌ စိုက်ပျိုးရေးဦးစီးဌာန၊ တာဝန်ရှိသူများနှင့်အတူ ရေဆင်း (၅)ပဲပုပ် မျိုးစေ့များ တောင်သူအသိပညာပေးကြပက် စိုက်ပျိုးပေးခဲ့ကြသည်။ ဆက်လက်၍ ကံ့ကော်မြိုင်ကွင်း မိုးစပါးစိုက်လယ် ၁၉၉ ဧကအား စက်မှုလယ်ယာ ဦးစီးဌာနက လယ်ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ကွင်း၏ အဓိက ရေအရင်းမြစ်ဖြစ်သည့် ပလန(၂)ချောင်းအား ချောင်းရိုးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးနှင့် လယ်ရေရရှိရေးအတွက် ပြုပြင်ဖောက်လုပ်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၁၇**

ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်၊ လျာထားချက်များချမှတ်ထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အဓိကသီးနှံများအား လျာထားချက်ပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စံပြစိုက်ခင်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တောင်သူများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာလုပ်ငန်းများတွင် စက်ကိရိယာများ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အမှန်တကယ်တိုးတက်အောင်မြင်ရေး ဆောင်ရွက်ကြရန်နှင့် တိရစ္ဆာန်အစားအစာများ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဝါနှင့်ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်သွားမည့်အစီအမံများ၊ မွေးမြူရေးလုပ်ငန်းတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ တင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ RBF စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ ဒီဇင်ဘာ ၁၇**

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာတွင် RBF စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက မုန်ပင်ဆည်ကျေးရွာ၌ RBF စီမံကိန်းဖြင့် နိုင်ငံခြားမျိုး(ဖရီရှန်) နို့စားနွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက မုန်ပင်ဆည်ကျေးရွာ RBF စီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန် လမ်းညွှန်မှာကြားသည်။

မုန်ပင်ဆည်ကျေးရွာ၌ RBF စီမံကိန်းဖြင့် အစုအဖွဲ့လေးစုမှ သမဝါယမအစုအဖွဲ့ပုံစံဖြင့် နိုင်ငံခြားမျိုး(ဖရီရှန်) နို့စားနွားမွေးမြူခြင်းကို တစ်ဖွဲ့လျှင် သုံးကောင်စီဖြင့် စုစုပေါင်းလေးဖွဲ့မှ ၁၂ ကောင် မွေးမြူထားကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ဆောင်းမြေပဲနုတ်သိမ်းချိန်ဖြစ်၍ပဲနုတ်၊ပဲဆွတ် နေ့စားအလုပ်သမားများ ဝင်ငွေရ

**ရမည်းသင်း ဒီဇင်ဘာ ၁၇**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အတွင်း ကျေးလက်ဒေသတချို့၌ ယခုလ ရာသီတွင် ဆောင်းမြေပဲနုတ်သိမ်းချိန်ဖြစ်၍ ပဲနုတ်၊ ပဲဆွတ်လုပ်ငန်း လုပ်ကိုင်ကြသော နေ့စားအလုပ်သမားများ ဝင်ငွေရရှိကြကြောင်း သိရသည်။

ယင်းသို့ ဆောင်းမြေပဲနုတ်သိမ်းရာတွင် ပဲနုတ်နေ့စားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ ကျပ် (စားရိတ်ငြိမ်း) ပေးရသည်။ ဒေသတစ်နေရာနှင့်တစ်နေရာ လုပ်သားရှားပါးမှုကြောင့် ဈေးနှုန်းကွာဟချက်ရှိသည်။ ပဲဆွတ်ခမှာ တစ်တင်းလျှင် ငွေကျပ် ၂၅၀၀ ပေးရသည်။ မြေပဲဥနှုန်း (ထွက်နှုန်း) အပေါ်မူတည်၍ ပဲဆွတ်သူတစ်ဦးလျှင် တစ်နေ့သုံးတင်းမှ ငါးတင်းထိ ပြီးအောင်ဆွတ်နိုင်သည်။ ပဲဆွတ်တစ်ဦး၏ ဝင်ငွေမှာ မိမိဆွတ်နိုင်ပြီးစီးသည့်အပေါ် မူတည်၍ ဝင်ငွေရရှိသည်။




**စိုက်ပျိုးကြ**

မြေပဲစိုက် တောင်သူများမှာ မြေပဲကို ဆီကြိတ်စားသုံးရန်အတွက်သာ အဓိကထားစိုက်ပျိုးကြပြီး ပိုလျှံမှသာရောင်းချကြသည်။ ဆီထွက်သီးနှံမြေပဲအပြင် အခြားဆီထွက်သီးနှံ ဖြစ်သော နေကြာကိုလည်း ရာသီဥတု၊ မြေအစိုဓာတ်ရရှိမှုအပေါ်မူတည်၍ စိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ၂၀-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁၂-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




❖ **ကျောဖုံးမှ**
**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။

အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ **မိုး/ဇလ**




✪ **မြန်မာအသင်းမှ**

ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အထူးတန်း ကျပ်ငါးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင်သတ်မှတ်ထားကာ ပရိသတ်များအတွက် အပြန်ဘတ်စ်ကားများ စီစဉ်ပေးထားသည်။ ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေပြီး မြန်မာအသင်းက နောက်တစ်ဆင့်တက်ရေးနှင့် အုပ်စုအောက်ဆုံးမှ ရုန်းထွက်နိုင်ရေး အကောင်းဆုံးအခွင့် အရေးဖြစ်နေသလို လာအိုအသင်းမှာလည်း နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား တစ်မှတ်၊ လာအို အသင်းသည် သုံးပွဲကစား နှစ်မှတ်ရရှိထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် နောက်ခံလူ စိုးမိုးကျော်နှင့် တိုက်စစ်မှူး ဝင်းနိုင်ထွန်းတို့ပြန်လည် ပါဝင်လာမည်ဖြစ်ပြီး အမာခံကစားသမားအများစု ပါဝင်လာသည်။ လာအိုလက်ရွေးစင်အသင်းကိုမူ မြန်မာ့လက်ရွေးစင်အသင်းနှင့်မြန်မာယူ-၂၃အသင်း လက်ထောက်နည်းပြဟောင်း တောင်ကိုရီးယားနိုင်ငံသား ဟာဟေးဂျွန်ကိုင်တွယ်နေပြီး မြန်မာအသင်းနည်းပြချုပ်ဟောင်း ပတ်ဆောင်ဟွာ၏ လက်ထောက်နည်းပြအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဝန်ယူခဲ့သူဖြစ်သည်။

**သတင်းကိုညီလေး၊ ဓာတ်ပုံ-MFF**

❑ **အင်တာမီလန်မှ**

ပထမဆုံးကြုံခဲ့ရတာဖြစ်ပြီး ၁၉၅၉ ခုနှစ်က ဖီအိုရင်တီးနားအသင်းကို အိမ်ကွင်းမှာ ငါးဂိုးပြတ်ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။

လက်ရှိချန်ပီယံအသင်းဖြစ်တဲ့ အင်တာမီလန်အသင်းဟာ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေပွဲစဉ်တစ်ပွဲလျော့အနေအထားမှာ ရမှတ် ၃၄ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အတ္တလန်တာအသင်းနဲ့ သုံးမှတ်ပဲကွာဟတော့တာဖြစ်ပါတယ်။

လာဇီယိုအသင်းကတော့ အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စီးရီးအေပွဲစဉ် ၁၆ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးက အတ္တလန်တာအသင်းနဲ့ ခြောက်မှတ်အကွာ အမှတ်ပေးဇယားအဆင့် ၅ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## ASEAN Cup အုပ်စု (A) တွင် လက်ရှိချန်ပီယံ ထိုင်းအသင်း ဆီမီးအစောဆုံးတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၂၄ ASEAN Cup ပြိုင်ပွဲ အုပ်စု (A) စတုတ္ထနေ့ကို ဒီဇင်ဘာ ၁၇ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းအသင်း သုံးပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ် အစောဆုံး တက်ရောက်နိုင်ခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ထိုင်းအသင်းက စင်ကာပူအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အိမ်ရှင်စင်ကာပူအသင်းသည် နှစ်ဂိုးပြတ် ဦးဆောင်ပြီးမှ လေးဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ကမ္ဘောဒီးယားအသင်းက တီမောအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ယခုပွဲ အနိုင်ရသော်လည်း နောက်ဆုံးပွဲကို ထိုင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

အုပ်စု (A) စတုတ္ထနေ့အပြီးတွင် ထိုင်းအသင်းက သုံးပွဲကစား ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး စင်ကာပူအသင်းက သုံးပွဲကစား ခြောက်မှတ်၊ မလေးရှားအသင်းနှင့် ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား လေးမှတ်စီရရှိကာ တီမောအသင်းက ပွဲကုန် လေးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။

**ကိုညီလေး**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂(မ)၊ မြေကွက်အမှတ်-(၁၂၀၆/ခ)၊ မြေကွက်လိပ်စာ အမှတ်-(၁၂၀၆/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂(မ)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ နှစ်၆၀ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးခင်မောင်ထွေး(ခ)ပါရှ်မာနန်းဒါး[၁၂/ပဘတ(နိုင်)၀၀၈၃၆၁]၏ အမည်ပေါက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ အမည်ပေါက်သူမှ (၅-၁-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏အမွေဆက်ခံသူ ဇနီးဖြစ်သည့် ဒေါ်ဘီစနူး[၁၃/တကန(ပြု)၀၀၀၁၄၂]မှ လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်တော်မှဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်တော့်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်ပါရ်ကာစ်(ခ)ဦးမောင်မောင်လေး**
**၉/မမန(နိုင်)၀၀၀၃၉၇**
**ဖုန်း - ၀၉၆၇၈၄၈၉၉၁၉**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၅)ဟုခေါ်တွင်သော ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃/ဗိုလ်ထွန်းဇံ) မြေကွက်အမှတ်-၅ အကျယ်အဝန်း(၂၅ x ၅၀)ပေရှိ နှစ် ၆၀ ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးခင်မောင်ထွေး(ခ)ပါရှ်မာနန်းဒါး[၁၂/ပဘတ(နိုင်)၀၀၈၃၆၁ ]၏ အမည်ပေါက်လျက်ရှိပါသည်။ အထက်ဖော်ပြပါအမည်ပေါက်သူမှ (၅-၁-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ အမွေဆက်ခံသူ ဇနီးဖြစ်သည့် ဒေါ်ဘီစနူး[၁၃/တကန(ပြု)၀၀၀၁၄၂]မှ လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်တော်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်ပါရ်ကာစ်(ခ)ဦးမောင်မောင်လေး**
**၉/မမန(နိုင်)၀၀၀၃၉၇**
**ဖုန်း- ၀၉- ၆၇၈၄၈၉၉၁၉**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဗိုလ်ထွန်းဇံ) မြေကွက်အမှတ်-၄ အကျယ်အဝန်း(၂၅x၅၀)ပေရှိ နှစ် ၆၀ ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးခင်မောင်ထွေး(ခ)ပါရှ်မာနန်းဒါး[၁၂/ပဘတ(နိုင်)၀၀၈၃၆၁]၏ အမည်ပေါက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ အမည်ပေါက်သူမှ ( ၅-၁-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ အမွေဆက်ခံသူ ဇနီးဖြစ်သည့် ဒေါ်ဘီစနူး[၁၃/တကန(ပြု) ၀၀၀၁၄၂]မှ လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်တော်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်

**ဦးအုန်ပါရ်ကာစ်(ခ)ဦးမောင်မောင်လေး**
**၉/မမန(နိုင်)၀၀၀၃၉၇**
**ဖုန်း- ၀၉- ၆၇၈၄၈၉၉၁၉**

### "ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းသွယ် (၂)၊ အမှတ် (၂၃)၊ အကျယ်အဝန်း (၁၂½x၄၀)ပေစီရှိသော (တိုက်ကိုမျက်နှာမူလျှင်- ဘယ်ဘက်အခြမ်း) ပထမထပ်(၂-လွှာ)အခန်းနှင့် ဒုတိယထပ် (၃-လွှာ)အခန်းတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါ တိုက်ခန်း ( ၂ )ခန်းမှာ ဦးအူမာရ်ဖာရွတ် [၁၂/ကတတ(နိုင်)၀၁၁၇၃၉]နှင့် ဦးအာမတ် [၁၂/ကတတ(နိုင်) ၀၀၀၇၄၀]တို့ ချုပ်ဆိုခဲ့ကြသော "ဆောက်လုပ်မည့်တိုက်သစ်မှ အခန်းအပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ ဝန်ခံကတိစာချုပ်" အရ ဦးအာမတ်မှ ပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးအာမတ်သည် (၄-၁၁-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားခဲ့သဖြင့် ၎င်း၏ ဇနီးနှင့်သားသမီးများဖြစ်ကြသော ဒေါ်ဥမ္မာညွန့် [၁၃/ကတန(နိုင်) ၀၅၄၆၆၄]နှင့် မောင်ပြည့်ဖြိုးပိုင် [၁၂/သဃက(နိုင်) ၂၁၁၈၆၂]၊ မယွန်းဇာဖြူ [၁၂/သဃက(နိုင်)၂၁၁၈၆၃]၊ မယွန်းအိဖြူ [၁၂/သဃက(နိုင်) ၂၁၁၈၆၄]တို့မှ အထက်ပါတိုက်ခန်း(၂)ခန်းအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၇၊မြေကွက်အမှတ်-၂၀၅၊မြေကွက်တည်နေရာအမှတ်-၂၀၅၊သစ္စာလမ်း၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်မြသိန်း(၁၂/ပဘတ(နိုင်)၀၁၅၄၁၉) အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်-ဒေါ်မြသိန်း(၁၂/ပဘတ(နိုင်)၀၁၅၄၁၉)မှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တင်ပြ၍မြေတိုင်းလျှောက်ထားလာရာ၂၀၁၄ခုနှစ်တွင်ဘဏ်ချေးမြေပုံမြေရာဇဝင်လျှောက်ထားထုတ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းမှာဘဏ်တွင်ငွေမချေးဖြစ်ခဲ့ကြောင်းနှင့်အသုံးပြုခဲ့ခြင်းလုံးဝမရှိဘဲအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာလည်းလက်ဝယ်ရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက၎င်းကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာပူးတွဲ၍တင်ပြလာပါသဖြင့် ဒေါ်မြသိန်း၏မြေတိုင်းမြေပုံလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဖခင်အမည် တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ မဝင်းဝင်းနိုင်၏ ဖခင်အမည် ဦးကိုကိုနိုင်နှင့် ဦးဆွေတာလောင် [၁၂/ဒပန(နိုင်)၀၆၆၅၅၉]တို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်(၃၂-တိုးချဲ့)၊မြေကွက်အမှတ်(၁၀၃)၊မြေကွက်တည်နေရာအမှတ်(၁၀၃)၊ရတနာလမ်းသွယ်လမ်း၊၃၂/တိုးချဲ့ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဗိုလ်မှူးလုပ်မြင့်(ISN-118458)အမည်ပေါက်၊ပါမစ်မြေအား(၂၂-၁၁-၁၉၉၆)ရက်စွဲပါမြေချပါမစ်အမည်ပေါက်ဗိုလ်မှူးလှမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်စိန်စိန်ဟန်(၁၂/မရက(နိုင်)၀၇၇၇၁၂)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့်၎င်းမှအပအခြားအလားတူအမွေဆက်ခံမည့်ဇနီးတစ်ဦးတစ်ယောက်မျှမကျန်ရှိကြောင်း ကျမ်းကျိန်လွှာ၊ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊မြေချပါမစ်တို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မူးယစ်ဆိုက ဆန့်ကျင်ကြ**

**သွေးသည် အသက်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်...**

❖ **"ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်" ကိုဆိုလို...**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---


## ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❖

**၂၀-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁၂-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




---



မြန်မာအသင်း အားကစားသမားများ လေ့ကျင့်နေစဉ်။

## မြန်မာအသင်းနှင့် လာအိုအသင်း ယနေ့ယှဉ်ပြိုင်ကစားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ ASEAN Cup ပြိုင်ပွဲ အုပ်စု(B) စတုတ္ထနေ့ကို ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်း၌ လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် လာအိုအသင်းသည် ယနေ့(ဒီဇင်ဘာ ၁၈ ရက်) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❂

## အင်တာမီလန်က လာဇီယိုကို ခြောက်ဂိုးပြတ်အနိုင်ရ

လာဇီယိုအသင်းနဲ့ အင်တာမီလန်အသင်းတို့ ဒီဇင်ဘာ ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ အဝေးကွင်း လာရောက်ကစားခဲ့ရတဲ့ အင်တာမီလန်အသင်းက ခြောက်ဂိုးပြတ်နဲ့အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၃ နေရာကို တက်လှမ်းခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို ကယ်ဟာနိုလု၊ ဒီမာကို၊ ဘာရယ်လာ၊ ဒမ်ဖရီး၊ အောဂတ်စတို၊ တူရမ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ အင်တာမီလန်အသင်းကို အိမ်ကွင်းမှာ ခြောက်ဂိုးပြတ် ရှုံးနိမ့်ခဲ့တာကြောင့် လာဇီယိုအသင်းဟာ ၁၉၅၉ ခုနှစ်နောက်ပိုင်း ငါးဂိုးနဲ့အထက် ဂိုးပြတ်ရှုံးပွဲ

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❑



လာဇီယိုအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင် ဘောလုံးအသင်းနှင့် လာအိုအမျိုးသားလက်ရွေးစင် ဘောလုံးအသင်းတို့သည် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV-HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ ညနေ ၄ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**